# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
# စတုတ္ထနေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်**

**(၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်)**

**(သောကြာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၄၀၇ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၅.၅၄ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးသောင်းဌေးလင်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင် ကျွန်တော် ဦးသောင်းဌေးလင်း၊ ပုသိမ်ကြီးမဲဆန္ဒနယ်က ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့ တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၄၀၇ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၉ ဦးရှိပါတယ်။ ၎င်းတို့ကတော့-

(၁) ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးလှဌေးဝင်း ခွင့် ၁ ရက်၊

(၂) ကုန်းကြမ်းမဲဆန္ဒနယ်မှ ဦးလီကျိန်းဖူ(ခ)ဦးမြင့်ဆွေ ခွင့် ၈ ရက်၊

(၃) လောက်ကိုင်မဲဆန္ဒနယ်မှ ဦးလူတယ်ဟုန်(ခ)ဦးအောင်ရွှေ ခွင့် ၁ ရက်၊

(၄) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးရဲမြင့်လွင် ခွင့် ၁ ရက်၊

(၅) ရမ်းပြဲမဲဆန္ဒနယ်မှ ဦးကျော်ရွှေ ခွင့် ၁ ရက်၊

(၆) မင်းပြားမဲဆန္ဒနယ်မှ ဦးစစ်နိုင် ခွင့် ၁ ရက်၊

(၇) စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်သိန်းခိုင် ခွင့် ၁ ရက်၊

(၈) မြောင်းမြမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးသူ ခွင့် ၁ ရက်နှင့်

(၉) ပြည်မဲဆန္ဒနယ်မှ ဒေါက်တာခင်စိုးစိုးကြည် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၁၀ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၉ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၁၉ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၀ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၉ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၁၉ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

မူကြမ်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်များကို ဆက်လက်ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ရာထူးဝန်အဖွဲ့၏ ၂၆-၃-၂၀၁၄ ရက်စွဲဖြင့် ထုတ်ပြန်သော နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများတွင် ပြဋ္ဌာန်းထားသော လုပ်သက်ခွင့်ဆိုင်ရာပြဋ္ဌာန်းချက်အစား မူလက ပြဋ္ဌာန်းထားသည့် (FR-72,73 နှင့် BLR 5,10) ပါ ပြဋ္ဌာန်းချက်အတိုင်း ပြန်လည်ပြင်ဆင်ပြဋ္ဌာန်းပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ** ။ ။ ပထမဦးစွာ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်ချို(လှိုင်းဘွဲ့မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်ချိုဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့ ကြယ်ပွင့်ပြမေးခွန်းကတော့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရဲ့ ၂၆-၃-၂၀၁၄ ရက်စွဲနဲ့ ထုတ်ပြန်ခဲ့တဲ့ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ အပိုဒ် ၈၀ ပါ ပြဋ္ဌာန်းချက်အရ လုပ်သက် ၁၁ ရက်မှာ တစ်ရက်နှုန်းနဲ့ လုပ်သက်ခွင့်ကို ပြက္ခဒိန်နှစ်တစ်နှစ် အတွင်းသာ စုဆောင်းနိုင်ပြီးတော့ ပြက္ခဒိန်နှစ်ကုန်ဆုံးတဲ့အခါမှာ ကျန်ရှိတဲ့ ခွင့်လက်ကျန်အတွက်ကို ပျမ်းမျှလစာနှင့် ဆုကြေးငွေခံစားခွင့်ပြုဖို့ ထုတ်ပြန်ထားပြီးတော့ ဆုကြေးအတွက်ကို ပြည်ထောင်စု ရာထူးဝန်အဖွဲ့ရဲ့ အစည်းအဝေးအမှတ်စဉ်(၄/၂၀၁၄)ပါ ဆုံးဖြတ်ချက်အရ နိုင်ငံတော်ရဲ့စီးပွားရေး အခြေအနေ ခိုင်မာမှုအပေါ် စဉ်းစားပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ခွင့်ပြုချက်နဲ့ ဆောင်ရွက်ဖို့ ဆုံးဖြတ်ထားတာ တွေ့ရပါတယ်။ ပြည်သူ့ဝန်ထမ်းများအနေနဲ့ ပြက္ခဒိန်နှစ်တစ်နှစ်အတွင်းမှာ နှစ်အစပိုင်း၊ အလယ်ပိုင်းလောက်မှာ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေးဆိုင်ရာ အခက်အခဲတွေကြောင့် လုပ်သက်ခွင့်ခံစားလိုတဲ့အခါမှာ စုဆောင်းထားတဲ့ခွင့် မရှိခြင်း၊ စုဆောင်းခွင့်မရှိခြင်း စသည်တို့ကြောင့် လစာမဲ့ခွင့်တွေ ယူရတာမျိုးတွေ ကြုံရပါတယ်။ ပြီးတော့လည်းပဲ ပြက္ခဒိန်နှစ် ကုန်ဆုံးတဲ့အခါမှာ ခွင့်နှင့် ပတ်သက်ပြီးတော့ စုဆောင်းထားတဲ့ခွင့်တစ်လလောက်ကို ပြည်သူ့ဝန်ထမ်းများက စုပုံပြီးတော့ ခွင့်

တောင်းခံကြမယ်ဆိုရင်လည်းပဲ ဒီကာလက ရုံးဌာနအဖွဲ့အစည်းတော်တော်များမှာ အလုပ်များတဲ့ ကာလလည်းဖြစ်တဲ့အတွက်ကြောင့် လုပ်ငန်းခွင်အတွက် အခက်အခဲတွေအများကြီးရှိလာနိုင်ပါတယ်။ ပြီးတော့ စုဆောင်းထားတဲ့ ခွင့်လက်ကျန်ရှိသော်လည်းပဲ ကျွန်တော်တင်ပြခဲ့တဲ့ အစည်းအဝေး ဆုံးဖြတ်ချက်အရ ဆုကြေးအနေနဲ့ ခံစားပိုင်ခွင့်လည်း မသေချာ၊ မရေရာတဲ့သဘောတွေ့ရတာမို့ ပြည်သူ့ဝန်ထမ်းတွေအတွက် ပြဋ္ဌာန်းထားတဲ့ လုပ်သက်ခွင့်ဥပဒေပါပြဋ္ဌာန်းချက်ဟာ ပေးကာပေး၏ မရ ဆိုတာလို ဖြစ်နေတာကို တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လုပ်သက်ခွင့်နှင့်ပတ်သက်လို့ ကျွန်တော်တင်ပြထားတဲ့အခြေအနေတွေ ရှိလာတဲ့အတွက်ကြောင့်မို့လို့ ယခင်နိုင်ငံတော်ကောင်စီရဲ့ ၁၀-၇-၁၉၈၄ ရက်စွဲနဲ့ ထုတ်ပြန်ထားတဲ့ ဝန်ထမ်းစည်းမျဉ်းဆိုင်ရာကောက်နုတ်ချက်စာစောင်ပါ မူလအခြေခံနည်းဥပဒေ FR-72, 73 နဲ့ မြန်မာနိုင်ငံခွင့်ပေးရေးနည်းဥပဒေ BLR 5, 10 တို့ပါ ပြဋ္ဌာန်းချက်တွေနဲ့အညီ နိုင်ငံတော်အတွက် ထိခိုက်နစ်နာမှုလည်းမရှိ၊ ပြည်သူ့ဝန်ထမ်းများအတွက်လည်း ခွင့်ခံစားလိုတဲ့အခါမှာ ထိုက်သင့်တဲ့ ခွင့်ခံစားမှုရရှိစေနိုင်တဲ့ လုပ်သက်ခွင့်ကို စုဆောင်းနိုင်တဲ့ပမာဏကို မူလပြဋ္ဌာန်းထားတဲ့အတိုင်း လေးလအထိ ပျမ်းမျှလစာအဖြစ်နဲ့ ပြန်လည်ခံစားခွင့်ပေးနိုင်ရေး၊ ပြင်ဆင်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့က ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဝင်းသိမ်း(ဥက္ကဋ္ဌ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာ ခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စု ရာထူးဝန်အဖွဲ့၊ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို မေးမြန်းလာတဲ့ ပြည်သူ့ဝန်ထမ်းများအတွက် ခွင့်ပြုထားသော ခွင့်ဆိုင်ရာထုတ်ပြန်ပြီးဥပဒေများတွင် ပြည်သူ့ဝန်ထမ်းများအတွက် အကျိုး သက်ရောက်မှုမရှိသော လုပ်သက်ခွင့်ဆိုင်ရာပြဋ္ဌာန်းချက်(ရာထူးဝန်အဖွဲ့၏ ၂၆-၃-၂၀၁၄ ရက်စွဲဖြင့် ထုတ်ပြန်သော နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ)အစား မူလကပြဋ္ဌာန်းထားသည့် FR-72, 73 နှင့် BLR 5, 10 ပါ ပြဋ္ဌာန်းချက်အတိုင်း ပြန်လည်ပြင်ဆင်ပြဋ္ဌာန်းပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့်

ကြယ်ပွင့်ပြမေးခွန်းကို ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို မေးမြန်းခဲ့တဲ့မေးခွန်းနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြောင်းလဲကျင့်သုံးခဲ့သော ဒီမိုကရေစီစနစ်နှင့် လိုက်လျောညီထွေဖွဲ့စည်းထားရှိသည့် နိုင်ငံတော်အစိုးရဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများ၏ ရည်မှန်းချက်၊ မူဝါဒနှင့် လုပ်ငန်းတာဝန်များကိုအဆင်ပြေချောမွေ့စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် အောင်မြင်ပြီးမြောက်စေရန်မှာ နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည်၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ လုပ်ငန်းခွင်အတွင်း အချိန်ပြည့်တာဝန်ထမ်းဆောင်နိုင်မှုတို့မှာ အဓိကအခန်းကဏ္ဍမှ ပါရှိသည့်အတွက် ယခင်ကကျင့်သုံးခဲ့သော မူလအခြေခံနည်းဥပဒေများ၊ နောက်ဆက်တွဲနည်းဥပဒေများ၊ ဝန်ထမ်းစည်းမျဉ်းများဆိုင်ရာကောက်နုတ်ချက်စာစောင်နှင့် ဝန်ထမ်းကျင့်ဝတ်တို့မှာ သတ်မှတ်ပြဋ္ဌာန်းခဲ့တဲ့ ခွင့်ခံစားခွင့်အပါအဝင် ဝန်ထမ်းများခံစားခွင့်ရှိသောအခွင့်အရေးများကို လျော့နည်းသွားခြင်းမရှိစေဘဲ ခေတ်ကာလနှင့်အညီချိန်ဆ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ အခန်း(၈)တွင် နည်းဥပဒေ ၇၀ မှ နည်းဥပဒေ ၁၁၉ အထိ ခွင့်ခံစားခွင့်များကို သတ်မှတ်ပြဋ္ဌာန်းထားရှိပါတယ်။

ယခင် ဝန်ထမ်းစည်းမျဉ်းများဆိုင်ရာ ကောက်နုတ်ချက်စာစောင်အပိုဒ် ၇၂ အရ သက်ပြည့်အငြိမ်းစားယူမည့်ဝန်ထမ်းများအား အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့်ကို ခွင့်ပြုရာမှာ အဆိုပါဝန်ထမ်းက စုဆောင်းထားရှိသည့် လုပ်သက်ခွင့်လက်ကျန်(အများဆုံး လေးလ)ကိုသာ ခွင့်ပြုခဲ့ပြီး၊ ယခုအခါ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ ပါ ပြဋ္ဌာန်းချက်အရ လုပ်သက်ခွင့်ကိုစုဆောင်းရန်မလိုဘဲ အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့်ကို လေးလအထိ တိုးမြှင့်ခံစားခွင့်ပြုပေးထားပါတယ်။ နိုင်ငံ့ဝန်ထမ်းတစ်ဦးအား လုပ်သက်ခွင့်ကိုခံစားခွင့်ပြုရာမှာ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၇ နှင့်အညီ ပြက္ခဒိန်တစ်နှစ်အတွင်းတွင် ခံစားခွင့်ပြုပေးထားပြီး နည်းဥပဒေ ၈၀ တွင် ပြက္ခဒိန်နှစ်အတွင်း ခွင့်စာရင်း၌ကျန်ရှိသော လုပ်သက်ခွင့်ရက်များအတွက်ကိုလည်း ဆုကြေးအဖြစ် ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုပေးရန် ထည့်သွင်းရေးဆွဲပြဋ္ဌာန်းခဲ့ပါတယ်။ သို့ရာတွင် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများထုတ်ပြန်ခဲ့သည့် ၂၆-၃-၂၀၁၄ ရက်နေ့နောက်ပိုင်း နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများ၏ လစာကို နှစ်ကြိမ်တိုင်တိုင် တိုးမြှင့်ပေးခဲ့ခြင်းနှင့် နိုင်ငံတော်၏ဘဏ္ဍာရေးအခြေအနေအရ အဆိုပါနည်းဥပဒေ ၈၀ ကိုကျင့်သုံးရန် လတ်တလောဆိုင်းငံ့ထားသည့်အတွက် ဝန်ထမ်းများတွင် များစွာနစ်နာမှုရှိနေသည့်အပြင် ရေရှည်တွင်လည်း အဆိုပါနည်းဥပဒေကို ကျင့်သုံးရန် ခက်ခဲမည်ဖြစ်ပါတယ်။ ၎င်းအပြင် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို အတည်ပြုပြဋ္ဌာန်းခဲ့တဲ့ ၂၆-၃-၂၀၁၄

ရက်နေ့မှစ၍ နောက်ပိုင်းကာလများမှာ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပြက္ခဒိန်နှစ်အလိုက် စုဆောင်းထားရှိသည့်လုပ်သက်ခွင့်ရက် လက်ကျန်များသည်လည်း ပြက္ခဒိန်နှစ်ကုန်ဆုံးလျှင် ပျက်ပြယ်သွားသည်ဖြစ်၍ ပြက္ခဒိန်နှစ်အစတွင် မလွှဲမရှောင်သာသည့် လူမှုရေး၊ ကျန်းမာရေးစသော ကိစ္စရပ်များအတွက် အမှန်တကယ်လိုအပ်၍ မဖြစ်မနေလုပ်သက်ခွင့်ယူရမည့် ဝန်ထမ်းများအတွက် အလွန်ပင်အခက်အခဲဖြစ်ပေါ်လျက်ရှိကြောင်း သိရှိရပါတယ်။ သို့အတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ဥပဒေအကြံပေးရေးအဖွဲ့သည် ၁၉-၅-၂၀၁၆ ရက်နေ့တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနနှင့် ပင်စင်ဦးစီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့မှ ဘာသာရပ်ကျွမ်းကျင်သူ အဆင့်မြင့်အရာရှိကြီးများနှင့် ညှိနှိုင်းအစည်းအဝေးပြုလုပ်ခဲ့ပြီး အဆိုပါနည်းဥပဒေ ၈၀ အား ပြင်ဆင်နိုင်ရန်အတွက် အမိန့်ကြော်ငြာစာ(မူကြမ်း)ကိုပြုစုပြီးနောက် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ သဘောထားမှတ်ချက်ပြန်ကြားပေးပါရန် ပေးပို့ညှိနှိုင်းခဲ့ပြီး ဖြစ်ပါတယ်။

ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ပြက္ခဒိန်နှစ်တစ်နှစ် ကုန်ဆုံးချိန်တွင် ဝန်ထမ်းတစ်ဦး၏ ခွင့်စာရင်း၌ ကျန်ရှိသော လုပ်သက်ခွင့်များကို ဆက်လက်စုဆောင်းခွင့်ရှိသည်။ သို့ရာတွင်စုဆောင်းနိုင်သည့် ခွင့်ရက်သည် နှစ်လထက်မပိုစေရ ဟု ပြင်ဆင်ပြဋ္ဌာန်းထုတ်ပြန်နိုင်ရေး ဆက်လက်ဆောင်ရွက်ရန် အကြံပြုချက်ပြန်လည်ရရှိပြီးဖြစ်ပါသဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ အဆင့်ဆင့်တင်ပြပြီး နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများအား ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ရက်(၁၀၀)စီမံချက်ကာလအတွင်း ထုတ်ပြန်ပြဋ္ဌာန်းချက်ကျင့်သုံးနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိပြီးဖြစ်ပါတယ်။ အဆိုပါနည်းဥပဒေကို ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အကြံပြုချက်နှင့်အညီ ပြင်ဆင်ထုတ်ပြန်မည်ဆိုပါက အစိုးရဌာနများနှင့် ဝန်ထမ်းများအတွက် နှစ်ဦးနှစ်ဖက်မျှတမှုရှိစေရန် ချင့်ချိန်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး နိုင်ငံတော်ဘဏ္ဍာငွေပိုမိုသုံးစွဲရမည့်အခြေအနေကို ရှောင်ရှားနိုင်ခြင်း၊ ဝန်ထမ်းများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးကဏ္ဍတို့မှာ ထိရောက်စွာထောက်ကူပံ့ပိုးကူညီနိုင်ခြင်း၊ ဝန်ထမ်းများအနေဖြင့် ပြက္ခဒိန်နှစ်စတွင် လုပ်သက်ခွင့်ခံစားရန် အခက်အခဲမရှိနိုင်ခြင်းစသည့်အကျိုးကျေးဇူးများ မလွဲမသွေ ရရှိစေနိုင်မှာဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တွင် သက်ပြည့်အငြိမ်းစားယူမည့်ဝန်ထမ်းအား ကြိုတင်ပြင်ဆင်ခွင့်လေးလကို အလိုအလျောက်ခံစားခွင့်ပြုပြီးဖြစ်ရာ အသက် ၆၀ နှစ်ပြည့်မည့်နှစ်တွင် ဝန်ထမ်းအနေဖြင့် ယခင်လုပ်သက်ခွင့်လက်ကျန်သာမက အဆိုပါအငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် လေးလကိုပါ

ခံစားခွင့်ရှိမည်ဖြစ်၍လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်စဉ် ကာလအတွင်း၌လည်း အခြားခွင့်အမျိုးအစားများ(ဥပမာ-အမျိုးသမီးဝန်ထမ်းများအား မီးဖွားခွင့်ခြောက်လခံစားခွင့်ပြုခြင်း၊ အမျိုးသားဝန်ထမ်းများအား ကလေးပြုစုစောင့်ရှောက်ခွင့် နှစ်ပတ်ခွင့်ပြုခြင်းစသည်)ကိုလည်း ခံစားခွင့်ပြုထားသဖြင့်လည်းကောင်း ယခင်ပြဋ္ဌာန်းခဲ့သည့် မူလအခြေခံနည်းဥပဒေများ (Fundametal Rules-FR)၊ ဝန်ထမ်းစည်းမျဉ်းများဆိုင်ရာကောက်နုတ်ချက်စာစောင်တို့တွင် သတ်မှတ်ထားသည့် ခွင့်ခံစားခွင့်များထက် လျော့နည်းမှုမရှိပါသဖြင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ အကြံပြုပြန်ကြားထားသည့်အတိုင်း ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန် စီစဉ်ထားရှိပြီးဖြစ်ပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။(သြဘာသံများ)

**ဦးခင်ချို(လှိုင်းဘွဲ့မဲဆန္ဒနယ်)**။ ။ ရာထူးဝန်ဥက္ကဋ္ဌရဲ့ဖြေကြားချက်အရ ခွင့်တွေကို နှစ်လထိစုဆောင်းခွင့်ပေးမယ်လို့သိခဲ့ရပါတယ်။ ကျွန်တော်တို့တကယ့်ဝန်ထမ်းတွေမှာ ကျန်းမာရေးအရတစ်ခုခုခံစားရတဲ့အခါမှာ လုပ်သက်ခွင့်နှစ်လပဲ စုဆောင်းခွင့်ရမယ်။ တချို့အခြေအနေတွေမှာနှစ်လမက ဒုက္ခရောက်တဲ့သူတွေရှိပါတယ်။ အဲဒီအခါမှာ ကျန်းမာရေးအရ ဆေးလက်မှတ်ခွင့်ယူမယ်ဆိုလို့ရှိရင်လည်းပဲ ဝန်ထမ်းတွေကပျမ်းမျှလစာရဲ့ တစ်ဝက်ပဲရတယ်။ တစ်ဝက်ရတဲ့အခါမှာဝန်ထမ်းတွေက ဒီလစာတစ်ဝက်နဲ့ သူ့ရဲ့ကျန်းမာရေးကလည်း အခြေအနေမကောင်းတဲ့အခါမှာတော်တော်အဆင်မပြေဖြစ်ရပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော်ဆွေးနွေးတင်ပြချင်တာက နှစ်လအစား မူလအတိုင်း လေးလအထိသာ ပြန်လည်ပြီးတော့ဆောင်ရွက်ပေးစေချင်ပါတယ်။ ဒီမူလအခြေခံဥပဒေမှာ ပြဋ္ဌာန်းခဲ့တဲ့ လေးလဟာဆိုလို့ရှိရင် နှစ်ပေါင်းများစွာကျွန်တော်တို့ ၁၉၈၂ ခုနှစ်တည်းကအလုပ်စဝင်ကတည်းက ပင်စင်သွားတဲ့အထိ ဒီကာလလေးဟာ ကျွန်တော်တို့လည်း ခွင့်ကိုလေးလဆိုတာ စုဆောင်းခွင့်လို့ပဲ သတ်မှတ်ပေးပါတယ်။ ဘယ်တော့မှ တစ်ခါတည်း လေးလမပေးပါဘူး။ အဲဒီတော့ ခွင့်ပေးပိုင်ခွင့်ရှိတဲ့အရာရှိကလည်းပဲ သူ့ဥပဒေပါစည်းမျဉ်းအတိုင်း သူပေးပိုင်ခွင့်ရှိသလောက်ပဲပေးပါတယ်။ လေးလလုံးတစ်ခါတည်းမပေးပါဘူး။ နောက် ကျွန်တော်တို့ဆိုလို့ရှိရင်လည်းပဲ လုပ်သက်တစ်လျှောက်လုံးမှာလည်း ဒီခွင့်တွေအပြည့်အဝခံစားတယ်ဆိုတာလည်း မရှိခဲ့ပါဘူး။ အဲဒီတော့ လေးလသည် စုဆောင်းခွင့်သာဖြစ်ပြီးတော့ ခွင့်တကယ်ခံစားမယ်ဆိုလို့ရှိရင်လည်းပဲ ဝန်ထမ်းတစ်ယောက်သည် ခွင့်ခံစားနေတဲ့ကာလအတွင်း နိုင်ငံတော်ရဲ့လိုအပ်ချက်အရ ပြည်သူ့

အကျိုးရဲ့လိုအပ်ချက်အရ အချိန်မရွေးပြန်လည်ခေါ်လို့ရတဲ့ဥပဒေက ပြဋ္ဌာန်းထားပြီးသားရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တင်ပြချင်တာကတော့ မူလဥပဒေပါအတိုင်း လေးလအနေနဲ့ ပြန်လည်ဆောင်ရွက်ပေးစေလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဒေါက်တာဝင်းသိမ်း (ဥက္ကဋ္ဌ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့)**။ ။ ကျွန်တော့်အနေနဲ့ လုပ်သက်ခွင့်နဲ့ပတ်သက်ပြီးတော့ ယခင်ပြဋ္ဌာန်းခဲ့တဲ့ခံစားခွင့်လေးလက သက်ပြည့်မတိုင်မီ ခံစားခွင့်လေးလဆိုတာ တောက်လျှောက်လုပ်ငန်းထဲမှာ စုဆောင်းလာရပြီးတော့မှ ရရှိလာတဲ့အခွင့်အရေး လေးလဖြစ်ပါတယ်။ အခုအချိန်မှာ ကျွန်တော်တို့ဥပဒေထဲမှာကိုက ကြိုတင်ပြင်ဆင်ခွင့် လေးလသာ ပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ ဒီဘက်က ဒါဝန်ထမ်းများအနေနဲ့ သက်ပြည့်ပင်စင်မခံစားမီမှာ ကြိုတင်ပြီးတော့စုဆောင်းဖို့ရာမလိုဘဲနဲ့ ဒါခွင့်လေးလကို ဥပဒေနှင့်အညီ ပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ တစ်ခါ တခြားတစ်ဖက်မှာလည်း ဝန်ထမ်းများတာဝန်ထမ်းဆောင်တဲ့အချိန်မှာလည်း တာဝန်ထမ်းဆောင်ခြင်းနှင့်ဖြစ်ပေါ်လာတဲ့ လူမှုရေး၊ ကျန်းမာရေး စတဲ့ အခြေခံအခက်အခဲများကိုလည်း ပြန်လည်ဖြေရှင်းနိုင်ဖို့အတွက် ယခင်တုန်းကပြဋ္ဌာန်းခဲ့တဲ့ တစ်နှစ်မှာ တစ်လ၊ တစ်နှစ်ပြီးတဲ့အခါမှာ ဒီစုဆောင်းထားတဲ့တစ်လကို အလိုအလျောက် ပျက်ပြယ်သွားပါတယ်။ သို့ရာတွင် တစ်ခါ ခွင့်မယူတဲ့အတွက်ဆုကြေးအဖြစ် ခံစားခွင့်ဆိုတဲ့ အနေအထားမှာလည်း နိုင်ငံတော်ရဲ့ဘဏ္ဍာငွေအခက်အခဲကြောင့်ဘဏ္ဍာရေးအနေနဲ့လည်း ပေးနိုင်ခြင်းမရှိခဲ့ပါဘူး။ ဒါကြောင့်မို့လို့ အဖက်ဖက်က စဉ်းစားပြီးကျွန်တော်တို့ ပင်စင်ဦးစီးဌာန၊ စာရင်းစစ်ချုပ်ရုံး၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ရှေ့နေချုပ်ရုံးတို့နှင့် အပြန်ပြန်အလှန်လှန် နိုင်ငံတော်ရဲ့ ယခုသွားနေတဲ့ အုပ်ချုပ်ရေးယန္တရား စနစ်သစ်နှင့်အညီဝန်ထမ်းများရဲ့လုပ်အားကိုလည်း အပြည့်ရဖို့၊ ဝန်ထမ်းများဘက်အနေနဲ့လည်း ခံစားခွင့်များမထိခိုက်ဖို့၊ ဘဏ္ဍာငွေအနေနဲ့လည်း နိုင်ငံတော်အနေနဲ့ အတတ်နိုင်ဆုံးဝန်ထမ်းများကို ပံ့ပိုးပေးနိုင်ဖို့ဆိုပြီးတော့ဟန်ချက်ညီညီ စဉ်းစားဆွေးနွေးပြီးတော့မှ ယခုပြင်ဆင်ခြင်းဟာကို ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြခဲ့တဲ့ ယခင်ကပြဋ္ဌာန်းခဲ့တဲ့ လေးလစုဆောင်းခွင့်ရှိတယ်ဆိုတဲ့ဟာက ဝန်ထမ်းများကိုယ်တိုင်ကနေပြီးတော့ စုဆောင်းထားမှ ရရှိတဲ့အခွင့်အရေးဖြစ်ပါတယ်။ အခုဥပဒေမှာတော့ ဒီလေးလဟာ အလိုအလျောက်ဥပဒေထဲမှာပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ ဒါ့အပြင် သက်ပြည့် ၆၀ နှစ်မတိုင်ခင်မှာ ယခုပြဋ္ဌာန်းထားတဲ့ နှစ်လစုဆောင်းခွင့်ကိုပါ ဝန်ထမ်းတစ်ဦးဟာ ခွင့်မယူခဲ့ဘူးဆိုရင် သက်ပြည့် ၆၀ နှစ်မတိုင်ခင်မှာ အဲဒီမယူခဲ့တဲ့ခွင့် နှစ်လအပါအဝင်မူလပြဋ္ဌာန်းပြီးတဲ့ လေးလကိုပါ ပေါင်းပြီးတော့ ခံစားခွင့်ရရှိမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့

ယခုအချိန်မှာ နိုင်ငံတော်ဘက်ကကော၊ နိုင်ငံ့ဝန်ထမ်းဘက်ကကော၊ နိုင်ငံတော်ရဲ့ဘဏ္ဍာငွေဘက်ကကော အမျိုးမျိုးကိုချင့်ချိန်ပြီးတော့ ယခင်ပြဋ္ဌာန်းခဲ့တဲ့ တစ်နှစ်မှာ တစ်လဆိုတဲ့ ခွင့်ခံစားခွင့်ဆိုတဲ့အစားစုဆောင်းခွင့်ကို နှစ်နှစ်ဆက်တိုက်စုဆောင်းခွင့်ရရှိတဲ့အတွက် ပထမနှစ်အပြီး ဒုတိယနှစ်အစမှာ တွေ့ရမယ့်အခက်အခဲများကိုလည်း ကျော်လွှားနိုင်ဖို့နဲ့ နိုင်ငံတော်ရဲ့လုပ်အား၊ နိုင်ငံတော်ရဲ့ဘဏ္ဍာအဲဒီ နှစ်ချက်ကိုလည်း ချိန်ခွင်လျှာညီမျှအောင် စဉ်းစားပြီးတော့ ယခုလို နှစ်လစုဆောင်းခွင့်ရှိသည်ဆိုတဲ့ဟာ ပြင်ဆင်ဖို့အတွက် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ ယခုလက်ရှိအနေအထားမှာ ယခုပြန်လည်ပြင်ဆင်ဖို့အတွက် ကျွန်တော်တို့၊ ရှေ့နေချုပ်ရုံး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပင်စင်ဦးစီးဌာန၊ စာရင်းစစ်ချုပ်ရုံးတို့နှင့် အဖက်ဖက်ကို စဉ်းစားပြီးတော့ယခုလို နှစ်လစုဆောင်းခွင့် ရှိသည်ဆိုတဲ့ဥပဒေကို ပြင်ဆင်ပြဋ္ဌာန်းဖို့ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ ယခုအချိန်မှာတော့ ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေနဲ့ နိုင်ငံတော်ရဲ့အုပ်ချုပ်ရေး ယန္တရားစနစ်သစ်နဲ့အညီ ဆက်လက်ဆောင်ရွက်သွားဖို့ရာ အင်တိုက်အားတိုက်နဲ့ နှစ်ဦးနှစ်ဖက်၊ နိုင်ငံတော်၊ နိုင်ငံတော်အစိုးရ၊ ဝန်ထမ်းသုံးပွင့်ဆိုင်ညီညီမျှမျှနှင့် သွားနိုင်အောင်အတွက် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်းကို အလေးအနက် တင်ပြရင်း ရှင်းလင်းလိုပါတယ်။

**အောက်မြန်မာပြည် ဖောင်ကြီးဝန်ထမ်းတက္ကသိုလ်နှင့် အထက်မြန်မာပြည် ဇီးပင်ကြီးဝန်ထမ်းတက္ကသိုလ်တို့တွင် ပြဋ္ဌာန်းသင်ကြားလျက်ရှိသော သင်ရိုးညွှန်းတမ်းများအား အသွင်ကူးပြောင်းရေးကာလနှင့် လိုက်လျောညီထွေမှုရှိပြီး ဒီမိုကရေစီသဘောတရားများနှင့် ကိုက်ညီသော သင်ရိုးညွှန်းတမ်းများဖြင့် ပြောင်းလဲအစားထိုးသင်ကြားရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ အင်းစိန်မဲဆန္ဒနယ်မှ ဦးမောင်မောင်ဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်ဦး(အင်းစိန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦးဖြစ်ပြီး အားလုံးကိုမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်တင်ပြလိုတဲ့မေးခွန်းကတော့ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ကွပ်ကဲမှုအောက်တွင်ရှိသော အောက်မြန်မာပြည် ဖောင်ကြီးဝန်ထမ်းတက္ကသိုလ်နှင့် အထက်မြန်မာပြည်ရှိ ဇီးပင်ကြီးဝန်ထမ်းတက္ကသိုလ်တို့တွင် ပြဋ္ဌာန်းသင်ကြားလျက်ရှိသော သင်ရိုးညွှန်းတမ်းများသည် ယခုအသွင်ကူးပြောင်းရေးကာလနှင့် လိုက်လျောညီထွေမှုရှိပြီး ဒီမိုကရေစီသဘောတရားများနှင့်ကိုက်ညီသော

သင်ရိုးညွှန်းတမ်းများဖြင့် ပြောင်းလဲအစားထိုး၍ သင်ကြားပေးရန် အစီအစဉ်ရှိ/မရှိကို သိလိုပါကြောင်းကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဖောင်ကြီးဝန်ထမ်းတက္ကသိုလ်ဟာ ၁၉၆၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့က စတင်ဖွင့်လှစ်ခဲ့ပြီး ထိုစဉ်က ဆိုရှယ်လစ်စီးပွားရေးကို အထောက်အကူပြုခဲ့သော အရာထမ်းစီမံခန့်ခွဲမှုသင်တန်းများတွင် စီမံခန့်ခွဲမှုပညာ၊ စီးပွားရေးပညာ၊ လူမှုရေးပညာ၊ နိုင်ငံရေးသိပ္ပံနှင့် စစ်ပညာစသည့် ဌာနကြီးငါးခုအောက်မှာ ဘာသာရပ်ပေါင်း ၃၇ မျိုးနှင့် အမှုထမ်းစီမံခန့်ခွဲမှုသင်တန်းများတွင် အထက်ပါဌာနကြီးငါးခုအောက်မှာ ဘာသာရပ်ပေါင်း ၄၉ မျိုး သင်ကြားတာတွေ့ရှိခဲ့ရပါတယ်။ ဒီလိုပဲ ၁၉၈၈ နောက်ပိုင်းမှာတော့ တပ်မတော်အစိုးရရဲ့အကျိုးစီးပွားကို အထောက်အကူပြုစေခဲ့သော အထက်ပါဌာနကြီးငါးခုအပြင် ဥပဒေပညာဌာနဆိုပြီးတော့ ဌာနတစ်ခုထပ်မံတိုးချဲ့ကာ အရာထမ်းစီမံခန့်ခွဲမှုသင်တန်းများတွင် ဘာသာရပ်ပေါင်း ၅၀ ကို သင်ကြားပို့ချခဲ့ပြီး အမှုထမ်းစီမံခန့်ခွဲမှုသင်တန်းများမှာတော့ အထက်ပါ ဌာနကြီးငါးခုအောက်မှာ ဘာသာရပ်ပေါင်း ၅၅ မျိုး သင်ကြားပို့ချခဲ့တာ တွေ့ရှိခဲ့ရပါတယ်။ ယခုအခါ ဒီမိုကရေစီအရပ်သားအစိုးရလက်ထက်တွင် နိုင်ငံ့ဝန်ထမ်းများကို ဒီမိုကရေစီသဘောတရားများနှင့် ကိုက်ညီသောဘာသာရပ်များ၊ သင်ခန်းစာများကိုပို့ချရန် အရေးတကြီးလိုအပ်လျက်ရှိပါတယ်။ သို့မှသာလျှင် ထိုဝန်ထမ်းတက္ကသိုလ်မျိုးမှာ သင်တန်းပြီးဆုံးပြီးတာဝန်ထမ်းဆောင်ကြသော ဝန်ထမ်းအသီးသီးမှာ ဒီမိုကရေစီသဘောတရားများနှင့်ပြည့်ဝသော ဝန်ထမ်းကောင်းများ ဖြစ်လာကြမည်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်တင်ပြလိုတဲ့မေးခွန်းကတော့ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ကွပ်ကဲမှုအောက်တွင်ရှိသော အောက်မြန်မာပြည် ဖောင်ကြီးဝန်ထမ်းတက္ကသိုလ်နှင့် အထက်မြန်မာပြည်ရှိ ဇီးပင်ကြီးဝန်ထမ်းတက္ကသိုလ်တို့တွင် ပြဋ္ဌာန်းသင်ကြားလျက်ရှိသော သင်ရိုးညွှန်းတမ်းများသည် ယခုအသွင်ကူးပြောင်းရေးကာလနှင့် လိုက်လျောညီထွေမှုရှိပြီး ဒီမိုကရေစီသဘောတရားများနှင့် ကိုက်ညီသော သင်ရိုးညွှန်းတမ်းများဖြင့် ပြောင်းလဲအစားထိုး၍ သင်ကြားရန်အစီအစဉ်ရှိ/မရှိကို သိလိုပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်း အပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြည်ထောင်စုရာထူးဝန်အဖွဲ့က ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဝင်းသိမ်း(ဥက္ကဋ္ဌ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦးက မေးမြန်းလာတဲ့ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ကွပ်ကဲမှုအောက်တွင်ရှိသော အောက်မြန်မာပြည် ဖောင်ကြီးဝန်ထမ်းတက္ကသိုလ်နှင့် အထက်မြန်မာပြည် ဇီးပင်ကြီးဝန်ထမ်းတက္ကသိုလ်တို့တွင် ပြဋ္ဌာန်း သင်ကြားလျက်ရှိတဲ့ သင်ရိုးညွှန်းတမ်းများကို ယခုအသွင်ကူးပြောင်းရေးကာလနှင့် လိုက်လျော ညီထွေမှုရှိရေး ဒီမိုကရေစီသဘောတရားများနှင့် ကိုက်ညီသော သင်ရိုးညွှန်းတမ်းများ ဖြင့် ပြောင်းလဲအစားထိုးသင်ကြားရန် အစီအစဉ်ရှိ/မရှိ သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြ မေးခွန်းကို ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။

ယခု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦးမေးမြန်းခဲ့တဲ့ မေးခွန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းဖြေကြားရမည်ဆိုပါလျှင် ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် ရက် ၁၀၀ စီမံချက်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတဲ့ လုပ်ငန်းစဉ်များအနက် လေ့ကျင့်သင်ကြားရေးဆိုင်ရာ လုပ်ငန်းစဉ်များမှာ ဗဟိုဝန်ထမ်းတက္ကသိုလ်(၂)ခုမှာ ပြည်သူ့ဝန်ထမ်းအကယ်ဒမီ(Civil Services Academy) ကို ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလတွင် ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး အဆိုပါ အကယ်ဒမီနှစ်ခုမှ အရာထမ်းလောင်းများအတွက် ဘွဲ့လွန်ဒီပလိုမာ(Post Graduate Diploma) အလယ်အလတ်အဆင့် အရာထမ်းများအတွက် အဆင့်မြင့်ဒီပလိုမာ(Advanced Diploma) ညွှန်ကြားရေးမှူးအဆင့်များအတွက် မဟာဘွဲ့(Master Degree)များကို ချီးမြှင့်သွားရန် စီစဉ် ဆောင်ရွက်လျက်ရှိပါတယ်။

ထိုကဲ့သို့ ဆောင်ရွက်နိုင်ရန် ဗဟိုဝန်ထမ်းတက္ကသိုလ်များမှာ ဖွင့်လှစ်နေတဲ့သင်တန်းများနှင့် ဘာသာရပ်ပို့ချမှုများအပေါ် ပြန်လည်သုံးသပ်သည့် အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၆ ခုနှစ်၊ မေလ(၂) ရက်နှင့် (၃)ရက်နေ့များမှာ ကျင်းပခဲ့ပြီး နိုင်ငံတကာတွင် ကျင့်သုံးနေတဲ့ ပြည်သူ့ဝန်ထမ်းလေ့ကျင့် ရေးကျောင်းများမှ ဘာသာရပ်ပို့ချမှုများကို လေ့လာသုံးသပ်၍ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)၊ EU(GOPA)၊ World Bank၊ KOICA၊ APCICT၊ Hanns Seidel Foundation စတဲ့ နိုင်ငံတကာအဖွဲ့အစည်းများမှ ပညာရှင်များဖြင့်ပူးပေါင်းကာ လက်ရှိအုပ်ချုပ်ရေးယန္တရားအသစ်နှင့် အညီ သင်ရိုးညွှန်းတမ်းများကို ပြင်ဆင်ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် ပြည်သူ့ဝန်ထမ်းအကယ်ဒမီဖွင့်လှစ်နိုင်ရေး အကြံပြုအလုပ်ရုံဆွေးနွေးပွဲကိုလည်း ဂျာမနီနိုင်ငံ Hanns Seidel Foundation ၏ ပံ့ပိုးကူညီမှုဖြင့် နေပြည်တော်၊ ပြည်ထောင်စုရာထူးဝန် အဖွဲ့ရုံး၌ ၂၃-၆-၂၀၁၆ ရက်နေ့နှင့် ၂၄-၆-၂၀၁၆ ရက်နေ့တို့တွင် ကျင်းပပြုလုပ်ခဲ့ပြီး ဝန်ကြီးဌာနနှင့်

အဖွဲ့အစည်းများမှ ကိုယ်စားလှယ် ၄၀ ဦး ပါဝင်တက်ရောက်ဆွေးနွေးခဲ့ပါတယ်။ ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေနဲ့ နိုင်ငံတော်အစိုးရကဆောင်ရွက်လျက်ရှိသည့် အုပ်ချုပ်ရေးယန္တရားစီမံခန့်ခွဲမှုပုံစံအသစ်ကို ကောင်းမွန်စွာအကောင်အထည်ဖော်နိုင်ရေး၊ အသွင်ကူးပြောင်းရေးကာလနှင့်လိုက်လျောညီထွေမှုရှိပြီး ဒီမိုကရေစီသဘောတရားများနှင့်ကိုက်ညီသော သင်ရိုးညွှန်းတမ်းများဖြင့်ပြောင်းလဲအစားထိုးသင်ကြားနိုင်ရေးအတွက် ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် သက်ဆိုင်ရာသင်တန်းအသီးသီးအလိုက် ပို့ချနေသော သင်ရိုးညွှန်းတမ်းများကို သုံးသပ်၊ ပြင်ဆင်၊ ရေးဆွဲခြင်းလုပ်ငန်းများအားလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်သူ့ဝန်ထမ်းအကယ်ဒမီ (Civil Services Academy)ဖွင့်လှစ်နိုင်ရေးအတွက် Hanns Seidel Foundation၊ ကိုရီးယားအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(KOICA)၊ ကမ္ဘာ့ဘဏ်(World Bank)၊ ဂျပန်နိုင်ငံပြည်သူ့ရေးရာမူဝါဒဆိုင်ရာတက္ကသိုလ်(Graduate School of Public Policy- GraSPP)စတဲ့ အဖွဲ့အစည်းများနှင့်လည်းကောင်း၊ ပြည်သူ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှု မဟာဗျူဟာလုပ်ငန်းဆောင်ရွက်မှုအစီအစဉ်(Strategic Action Plan for Civil Service Reform)ရေးဆွဲခြင်းနှင့် နိုင်ငံ့ဝန်ထမ်းများ၏ကိုယ်ကျင့်သိက္ခာစောင့်စည်းရမှုတန်းတူအခွင့်အရေးရရှိမှုနှင့် အရည်အချင်းအလိုက်ချီးမြှင့်မြှောက်စားမှုဆိုင်ရာသဘောထားအမြင်စစ်တမ်းကောက်ယူခြင်း(Preception Survey)ဆိုင်ရာလုပ်ငန်းစဉ်များကိုလည်း ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)နှင့်လည်းကောင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင်ဖွင့်လှစ်ပို့ချလျက်ရှိတဲ့ အဆင့်မြင့်အရာထမ်းစီမံခန့်ခွဲမှုသင်တန်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးစီမံခန့်ခွဲမှုသင်တန်းများတွင် ပို့ချလျက်ရှိသောသင်တန်းများတွင် ဘာသာရပ်ဆိုင်ရာသင်ရိုးညွှန်းတမ်းနှင့်သင်ရိုးဇယားများရေးဆွဲခြင်း၊ ပြည်ပမှဘာသာရပ်ဆိုင်ရာကျွမ်းကျင်ပညာရှင်များ လာရောက်ပို့ချနိုင်ရေးအတွက် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၊ ဥရောပသမဂ္ဂမူဝါဒဆိုင်ရာ အကြံပေးအဖွဲ့အစည်း၊ ကမ္ဘာ့ဘဏ်စသည့် နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်းကောင်း ပူးပေါင်းညှိနှိုင်းပြီး အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းပို့ချပေးခြင်းများကို ပြုလုပ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။ ပြည်ထောင်စုရာထူးဝန်ဥက္ကဋ္ဌပြန်လည်ထွက်ခွာနိုင်ပါပြီ။

**မူကြမ်း**

**ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါမဲဆန္ဒနယ်က တင်သွင်းသည့် မကွေးတိုင်းဒေသကြီးအနောက်ပိုင်းရှိ သစ်တောပြုန်းတီးမှုများနှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများအား ထိန်းသိမ်းစောင့်ရှောက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါမဲဆန္ဒနယ်မှ တင်သွင်းသွားတဲ့အဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးမယ့်ကိုယ်စားလှယ် ၁၀ ဦးရှိပါတယ်။ ပထမဦးစွာ လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဇော်မင်းသိန်း(လေးမျက်နှာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းသိန်း ဖြစ်ပါတယ်။ အဆိုရှင် မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင် တင်သွင်းတဲ့အဆိုကို ဖြည့်စွက်ဆွေးနွေးထောက်ခံသွားမှာဖြစ်ပါတယ်။ အဆိုရှင်က မကွေးတိုင်းဒေသကြီးအနောက်ပိုင်း သစ်တောပြုန်းတီးမှုနှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများကို ထိန်းသိမ်းစောင့်ရှောက်ဖို့ ရည်ရွယ်ချက်ကောင်းများနှင့် တိုက်တွန်းထားတာဖြစ်ပါတယ်။ ကျွန်တော်တို့ တစ်နိုင်ငံလုံးနဲ့ လူသားတို့နေထိုင်တဲ့ကမ္ဘာကြီးအတွက် အရေးကြီးရင်ဆိုင်တွေ့ကြုံကာကွယ်ကြရမယ့် အဓိကအကြောင်းအရာများပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ ရေခံမြေခံကောင်းတယ်။ ရာသီဥတုသုံးပါးညီညွတ်တယ်။ စိုက်ပျိုးရေးကိုအခြေခံတဲ့နိုင်ငံတစ်ခုဖြစ်ပါတယ်။ ပထဝီအနေအထားအရလည်း ပင်လယ်၊ တောင်တန်း၊ မြစ်၊ ချောင်း၊ အင်းအိုင်၊ လွင်ပြင် စတဲ့ သဘာဝကပေးထားတဲ့ တန်ဖိုးမဖြတ်နိုင်တဲ့အရာများနဲ့လည်း ပြည့်စုံပါတယ်။ သစ်တော၊သစ်ပင်များ၊ ရေချိုများ၊ ငါးသယံဇာတများ၊ တွင်းထွက်သယံဇာတများလည်း အများအပြားရှိကြပါတယ်။ ကျန်တဲ့သယံဇာတများဟာ ထုတ်ယူပြီးသုံးစွဲပြီးရင် ကုန်ခမ်းပျောက်ကွယ်သွားပေမယ့် သစ်တောသစ်ပင်များဟာ ထုတ်ယူသုံးစွဲပြီး ပြန်လည်စိုက်ပျိုးထူထောင်ခဲ့ရင် မူလအတိုင်း ပြန်လည်ရရှိနိုင်တဲ့ ထူးခြားတဲ့အချက်ဖြစ်ပါတယ်။ နောက်တစ်ခုက လူသားများနှင့် သစ်တောသစ်ပင်များဟာ အပြန်အလှန် တိုက်ရိုက်အကျိုးပြု

နေကြပါတယ်။ ဒီကနေ့ ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ မဖြစ်မနေသုံးစွဲနေရတဲ့ စာရွက်စာတမ်း၊ စားပွဲ၊ ထိုင်ခုံ၊ ခုတင်၊ နေအိမ်၊ ပရိဘောဂ စတဲ့အဆောက်အဦများဟာ သစ်တောသစ်ပင်များကနေပြီးတော့မှ ကျွန်တော်တို့ ရရှိနေတာဖြစ်ပါတယ်။ နောက်တစ်ခု ကျွန်တော်တို့ လူသားများဟာ အောက်ဆီဂျင်ကို ရှူရပါတယ်။ ကာဗွန်ဒိုင်အောက်ဆိုဒ်ကို ထုတ်ပါတယ်။ သစ်ပင်များကတော့ ကာဗွန်ဒိုင်အောက်ဆိုဒ်ကို စုပ်ယူပြီးတော့မှ အောက်ဆီဂျင်ကို ပြန်လည်ထုတ်လွှတ်ပေးတာဖြစ်ပါတယ်။ ဒါကလည်း တန်ဖိုးမဖြတ်နိုင်တဲ့အချက်တစ်ချက်ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံရဲ့ သစ်တောဧရိယာနှင့် သစ်တောပြုန်းတီးမှု ဆိုးရွားလာတာ နောက်ဆက်တွဲဆိုးကျိုးများနှင့် ဂေဟစနစ်ပျက်စီးမှုအကြောင်းအရာများကို ကိန်းဂဏန်းအချက်အလက်များနှင့် ဖော်ပြဆွေးနွေးသွားတဲ့ ထီးလင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဆွေးနွေးစဉ်မှာလည်း အားလုံးသိရှိပြီးဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံနည်းတူ ကမ္ဘာ့နိုင်ငံအသီးသီးမှာလည်း သစ်တောပြုန်းတီးမှုများဟာ ကြောက်ခမန်းလိလိ မြင့်တက်လာနေပြီးတော့ ကမ္ဘာမြေကြီးကို အန္တရာယ်များနှင့် ရင်ဆိုင်ရစေပါတယ်။ ဒါကြောင့် တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ ၁၉၇၄ ခုနှစ်မှစတင်ပြီး ဇွန်လ ၅ ရက်နေ့ကို ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အဖြစ်သတ်မှတ်ပြီးတော့ ဆောင်ရွက်နေတာဟာ နှစ်ပေါင်း ၄၀ ကျော်ကြာမြင့်ခဲ့ပေမယ့် အထိုက်လျောက်သာလျှင် ကာကွယ်နိုင်ကြောင်းကို ကျွန်တော်တို့ တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါရန်လေးစားစွာ တောင်းခံအပ်ပါတယ်။ ဒီ Power Point ထဲမှာ ပြထားတဲ့ဓာတ်ပုံတွေကတော့ ကျွန်တော့် လေးမျက်နှာမဲဆန္ဒနယ်ထဲမှာပါတဲ့ ရခိုင်ရိုးမမှာရှိတဲ့ လတ်တလောသစ်တောများရဲ့ဓာတ်ပုံများဖြစ်ပါတယ်။ သစ်တောဥပဒေ၊ သစ်ပင်မခုတ်ရဥပဒေများကို အင်္ဂလိပ်အစိုးရလက်ထက်ကတည်းက ပြဋ္ဌာန်းထားသော်ငြားလည်း ပြည်သူများက သစ်ပင်တန်ဖိုးကိုမသိဘဲ လွယ်လင့်တကူခုတ်နေကြပါတယ်။ အင်္ဂလိပ်အစိုးရက သစ်ပင်တစ်ပင်ခုတ်မယ်ဆိုရင် ရင်စို့၊ လုံးပတ် ခုနစ်ပေခြောက်လက်မရှိမှ ခုတ်ရမယ်လို့ သတ်မှတ်ထားပေမယ့် ကိုယ့်နိုင်ငံ ကိုယ့်အစိုးရလက်ထက်ကျမှ ခြောက်ပေနဲ့ ခြောက်လက်မ လျှော့ချပြဋ္ဌာန်းပေးဖို့ ဖိအားပေးလာတာကြောင့် မလုပ်သင့်၊ မဖြစ်သင့်၊ မလုပ်ပေးနိုင်တဲ့အတွက် ရာထူးကနေနုတ်ထွက်သွားတဲ့ သစ်တောမင်းကြီးရှိခဲ့ဖူးတယ်လို့ မှတ်သားရပါတယ်။ အိမ်နီးနားချင်း သီရိလင်္ကာနိုင်ငံမှာဆိုရင် တစ်နိုင်ငံလုံး မည်သူကိုမဆို သစ်ပင်များကို လွယ်လင့်တကူခုတ်ခွင့်မပြုပါဘူး။ ကိုယ့်အပင်ကိုခုတ်ရင်တောင်မှ အစိုးရဌာနအဆင့်ဆင့်တင်ပြပြီး ခွင့်ပြုချက်ရမှသာလျှင် ခုတ်ခွင့်ပြုတယ်။ ဥပဒေအရ

ထိရောက်တင်းကြပ် အရေးယူသလို ပြည်သူများကိုလည်း သဘာဝဝန်းကျင်ဂေဟစနစ်နဲ့ ပတ်သက်တဲ့ ဗဟုသုတများကို စနစ်တကျဖြန့်ဝေအသိပေးထားသည်ကိုလည်း သိရှိပါတယ်။ ဖွံ့ဖြိုးပြီးနိုင်ငံများကတော့ သစ်ပင်စိုက်ပျိုးရေး၊ မခုတ်လှဲရေး၊ ရာသီဥတုသာယာရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို အရေးကြီးလုပ်ငန်းစဉ်အဖြစ် ဦးစားပေးလုပ်ဆောင်နေကြပါပြီ။ ကျွန်တော်တို့နိုင်ငံမှ သစ်တောများကို တရားဝင်ရော၊ တရားမဝင်ရော နိုင်ငံခြားတိုင်းပြည်များကို ရောင်းချတဲ့အတွက် ငွေကြေးအကျိုးအမြတ်ရရှိပေမယ့် သစ်တောတွေကို မထိန်းသိမ်းဘူး။ ဆက်ပြီးခုတ်နေကြရင် နောင်လာနောက်သားများဟာ သေချာပေါက် ဘေးအမျိုးမျိုးနဲ့ရင်ဆိုင်ရမှာ မလွဲပါဘူး။ ရလိုမှုတစ်ခုတည်းအနေနဲ့ ခွင့်ပြုပေးခြင်းဟာ နိုင်ငံရဲ့အသက်ကို သတ်နေသလိုမျိုးဖြစ်နေသလို ကိုယ့်အသားကိုယ်လှီးပြီး ရောင်းစားသလိုမျိုးလည်း ဖြစ်နေပါတယ်။ အစိုးရအနေနဲ့လည်း နိုင်ငံရဲ့သစ်ထုတ်လုပ်မှုကို တစ်နှစ်ရပ်ဆိုင်းမယ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် သစ်ထုတ်လုပ်မှုကိုစိစစ်မယ်၊ အဂတိလိုက်စားမှုများကို ကြပ်မတ်မယ်၊ ပဲခူးရိုးမသစ်ထုတ်လုပ်မှုကို ၁၀ နှစ်ရပ်ဆိုင်းမယ်ဆိုပြီး သတင်းထုတ်ပြန်တဲ့အတွက်လည်း လှိုက်လှဲစွာကြိုဆိုပါတယ်။ ယခုလက်ရှိအခြေအနေမှာ သစ်တောများ၊ သစ်ပင်များ အလျင်အမြန်ပြုန်းတီးရခြင်းအကြောင်းအရာထဲမှာ Chain Saw များ လွယ်လင့်တကူဝယ်ယူသုံးစွဲလို့ရနေခြင်းကလည်း အကြောင်းအရာတစ်ခုဖြစ်ပါတယ်။ နောက် သစ်မှောင်ခိုထုတ်လုပ်သယ်ယူရာမှာ လိုင်စင်မဲ့ကားတွေနဲ့ အလွယ်တကူဝယ်ယူအသုံးပြုလို့ရနေတဲ့ကိစ္စ။ ဒါ လိုင်စင်မဲ့ကားယဉ်ကျေးမှု၊ နောက်တစ်ခါ သစ်မိတဲ့ဖြစ်စဉ်တိုင်း တော်တော်များများမှာ ပိုင်ရှင်မဲ့လို ဖြစ်ဖြစ်သွားတဲ့ ပိုင်ရှင်မဲ့ယဉ်ကျေးမှု ဒါတွေကို တိုက်ဖျက်ဖို့လိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးသူတွေဖြစ်လာအောင် စာသင်ကျောင်းတွေကစပြီးတော့ ကလေးတွေကို ဆွေးနွေးဟောပြောပညာပေးမှုတွေ လုပ်ပေးဖို့ လိုပါလိမ့်မယ်။ အသိပညာ၊ ဗဟုသုတနဲ့ကောင်းသောအလုပ်၊ အကျိုးရှိသောလုပ်ရပ်များဟာ ဘယ်အချိန်မှာပဲသိသည်ဖြစ်စေ နောက်ကျတယ်ဟူ၍ မရှိပါဘူး။ ယနေ့အချိန်မှာ သစ်တော၊ သစ်ပင်များကို ကာကွယ်တားဆီးစိုက်ပျိုးထူထောင်ကြမည်ဆိုပါက နိုင်ငံ့အတွက်၊ အနာဂတ်အတွက်၊ နောင်မျိုးဆက်အတွက် တန်ဖိုးမဖြတ်နိုင်တဲ့ အမွေကောင်းများအဖြစ် ချန်ရစ်နိုင်မည်ဖြစ်ကြောင်းကို အဆိုရှင် ဂန့်ဂေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင် တင်သွင်းသောအဆိုအား လေးလေးနက်နက်ဖြည့်စွက်ထောက်ခံဆွေးနွေးအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနု ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်ခင်သန်းနု(မင်းတုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံးပဲ မင်္ဂလာပါရှင်။ ဂန့်ဂေါမဲဆန္ဒနယ်မှ အဆိုရှင် ဒေါ်ယဉ်မင်းလှိုင်ရဲ့ မကွေးတိုင်းဒေသကြီးအနောက်ပိုင်းရှိ သစ်တောပြုန်းတီးမှုနှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများအား ထိန်းသိမ်းစောင့်ရှောက်ပေးပါရန် တိုက်တွန်းကြောင်းအဆိုမှ သစ်တောပြုန်းတီးမှုကို ပိုမိုဖြစ်ပွားစေသည်မှာ ယခုအခါ အမြို့မြို့ဆိုင်များတွင် အလွယ်တကူဝယ်ယူရရှိနေသော Chain Saw ခေါ် လျှပ်စစ်လွှများဖြင့် စည်းမဲ့ကမ်းမဲ့ထုတ်ယူနေကြတယ်ဆိုတဲ့အပိုင်းကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်မတို့ မင်းတုန်းမြို့နယ်မှာလည်း မကွေးတိုင်းဒေသကြီးအနောက်ပိုင်း ရခိုင်ရိုးမနှင့်ကပ်လျက်တည်ရှိနေသော ယခင်သစ်တောများထူထပ်လျက်ရှိပြီး အေးချမ်းတဲ့တောင်ပေါ်မြို့လေးတစ်မြို့ဖြစ်ပါတယ်။ ယခုအချိန်မှာ ထို Chain Saw များဖြင့် သစ်တောများတရားမဝင်ခုတ်ယူခြင်းကြောင့် သစ်တောများပြုန်းတီး၍ ရာသီဥတုများ ဆိုးရွားစွာဖောက်ပြန်ပြီး ပူပြင်းသည့်ဒဏ်ကို ခံစားနေကြရပြီဖြစ်တယ်။

ဥက္ကဋ္ဌကြီးရှင့်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၏၂၀၁၃ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၂၉/၂၀၁၃) ဖြင့် လက်ကိုင်စက်လွှ (Chain Saw) များနှင့်ပတ်သက်၍ လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများကို သတ်မှတ်ကြေညာခဲ့ပြီးဖြစ်ပါတယ်။ လက်ကိုင်စက်လွှနှင့်ပတ်သက်သည့် အကြောင်းအရာများကိုမတင်ပြမီ မကွေးတိုင်းဒေသကြီးအတွင်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှ တရားမဝင်ဖမ်းဆီးရမိခဲ့တဲ့ ကျွန်းသစ်အပါအဝင် သစ်မာနှင့် အခြားသစ်မျိုးစုံ ၂၁၂၆.၁၁၈၈ တန်ရှိကြောင်းကိုလည်း မကွေးတိုင်းဒေသကြီး၊ သစ်တောဦးစီးဌာနရဲ့ ကိန်းဂဏန်းများအရ သိရှိရပါတယ်။ မကွေးတိုင်းဒေသကြီးမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ဖမ်းဆီးရမိခဲ့သော တရားမဝင်သစ်မျိုးစုံတန်ချိန်ကိုသာ ဖော်ပြထားခြင်းဖြစ်ပြီး ဖမ်းဆီးရမိခြင်းမရှိသော တရားမဝင်သစ်တန်ချိန်များသည်လည်း ယခုထက်များစွာပိုမိုနိုင်ပါကြောင်းကိုလည်း သုံးသပ်တင်ပြလိုပါတယ်။ ယခင်က သစ်တစ်ပင်ကိုလူအားဖြင့် ခုတ်လှဲပါက နာရီဝက်ခန့်ကြာမည်ဆိုရင် ယခု လက်ကိုင်စက်လွှကို အသုံးပြု၍ခုတ်လျှင် မိနစ် အနည်းငယ်သာ ကြာမြင့်သောကြောင့် ယခုကဲ့သို့ တရားမဝင်သစ်ထုတ်လုပ်မှုနှုန်းထား အချိန်တိုအတွင်း မြင့်တက်ခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ သစ်တောဖုံးလွှမ်းမှုအနေအထားမှာ ၁၈၅၆ ခုနှစ်တွင် ၇၀ ရာခိုင်နှုန်းရှိခဲ့သော်လည်း ၂၀၁၀ ခုနှစ်မှာ ထုတ်ပြန်ခဲ့တဲ့ သစ်တောဖုံးလွှမ်းမှုမှာ ၄၆.၉ ရာခိုင်နှုန်းခန့်

သာရှိခဲ့တယ်လို့ ထုတ်ပြန်ထားပါတယ်။ ကုန်ဆုံးခဲ့တဲ့ ၂၀၁၅ ခုနှစ်အတွက် မြန်မာနိုင်ငံရဲ့ သစ်တော ဖုံးလွှမ်းမှုမှာ ၂၀၁၀ ပြည့်နှစ်မှ ထုတ်ပြန်ခဲ့တဲ့စာရင်းထက် များစွာဆုတ်လျော့မည်ဆိုတာကို မည်သူမှ ငြင်းဆန်နိုင်မှာမဟုတ်ပါဘူးရှင်။

ဥက္ကဋ္ဌကြီးရှင့်။ Chain Saw များကြောင့် သစ်တောများပြုန်းတီးရသကဲ့သို့ အဆိုမှာပါတဲ့ ဝါးပြုန်းလျှင်တောပြုန်းတယ်၊ တောပြုန်းလျှင် တောင်ပြိုတယ်၊ တောင်ပြိုလျှင် ရေကြီးတယ်ဆိုခဲ့သလို ကျွန်မတို့မြို့နယ်အတွင်းမှာ ထွက်ရှိနေသော ဝါးများကို သစ်တောဦးစီးဌာနမှ ဝါးထုတ်ယူသုံးစွဲခွင့် ပြုထားသည်မှာ တစ်နှစ်လျှင် ဝါးအလုံးရေ သိန်း ၂၀ အထိ ခွင့်ပြုထားကြောင်း သိရပါတယ်။ ထိုသို့ အလွန်အကျွံ အဆမတန်ထုတ်ယူခွင့်ပြုထားခြင်းကြောင့် ဒေသခံတောင်သူများ အမှန်တကယ်သုံးစွဲရန် အခက်အခဲဖြစ်နေရပါတယ်။ ဝါးဆိုတာဟာလည်း တောရဲ့အသက်ပဲဖြစ်ပါတယ်။ ကျွန်မတို့မြို့နယ် အတွင်းမှာ တောင်သူများ မိရိုးဖလာရွှေ့ပြောင်းတောင်ယာလုပ်ငန်းများ လုပ်ကိုင်ခြင်းဖြင့် အသက် မွေးကြရပါတယ်။ ရွှေ့ပြောင်းတောင်ယာစနစ်မှာလည်း သစ်တောပြုန်းတီးစေပါတယ်။ သို့သော် လယ် ကိုင်းမရှိသော တောင်သူများအဖို့ ရွှေ့ပြောင်းတောင်ယာလုပ်ကိုင်ခြင်းအလုပ်ကိုသာ လုပ်ကိုင်ကြရပါ တယ်။ ယခုအခါ သစ်တောများပြုန်းတီးမှုကြောင့် ရွှေ့ပြောင်းတောင်ယာခုတ်နေကြသော တောင်သူ များအား သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောဦးစီးဌာနမှ တောင်ယာမခုတ်ရဟု သတ်မှတ်လိုက်သည့်အတွက် တောင်ယာကိုအားကိုးပြီး စားသောက်နေရသူများအဖို့ အခက်အခဲ များစွာနဲ့ ကြုံတွေ့နေရပြီး အလုပ်လက်မဲ့ဘဝကို ရောက်ရှိသွားပါတယ်။ ထိုအခါ တောင်သူများမှာ မိမိ စားဝတ်နေရေးအတွက် နိုင်ငံရပ်ခြားသို့သွား၍ အလုပ်လုပ်ကြရပါတော့တယ်။ သို့ဖြစ်ပါ၍ တောင်သူများအား ရွှေ့ပြောင်းမဟုတ်သည့် အခြေတကျလုပ်ကိုင်နိုင်ရန် နည်းပညာအရင်းအနှီးနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိရန် သက်ဆိုင်ရာအဖွဲ့အစည်းများမှ အကူအညီများပေးရန် လိုအပ်လျက်ရှိပါတယ်။ သို့မှသာ ရွှေ့ပြောင်းတောင်ယာခုတ်၍ အသက်မွေးနေကြရရှာသော တောင်သူများ၏ စားဝတ်နေရေးအတွက် ဘဝအာမခံချက်ရှိပြီး သဘာဝပတ်ဝန်းကျင်ကိုလည်း တစ်ဖက်တစ်လမ်းမှ ထိန်းသိမ်းစောင့်ရှောက်နိုင်မှာဖြစ်ပါကြောင်း ရွှေ့ပြောင်းတောင်ယာခုတ် အသက်မွေးနေကြသော တောင်သူများ၏ကိုယ်စား ဆွေးနွေးလိုက်ရပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၅ တွင် နိုင်ငံတော်သည် သဘာဝပတ်ဝန်းကျင် ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်မည်ဆိုသောကြောင့် မကွေးတိုင်းဒေသကြီးအနောက်ပိုင်းတွင် သာမက မြန်မာတစ်နိုင်ငံလုံးသစ်တောပြုန်းတီးမှု၊ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုတို့အား ထိန်းသိမ်း

ကာကွယ်စောင့်ရှောက်နိုင်ရန်၊ တရားဥပဒေစိုးမိုးမှုရှိစေရန်အတွက် ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်ရဲ့အဆိုကို လေးနက်စွာ ထောက်ခံလိုက်ရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဆောမဲဆန္ဒနယ်မှ ဦးကျော်တင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးကျော်တင်(ဆောမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဧည့်သည်တော်များခင်ဗျား။ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ဆောမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဂန့်ဂေါမဲဆန္ဒနယ် ဒေါ်ယဉ်မင်းလှိုင်ရဲ့ မကွေးတိုင်းဒေသကြီးအနောက်ပိုင်းရှိ သစ်တောပြုန်းတီးမှုများနှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများအား ထိန်းသိမ်းစောင့်ရှောက်ပေးကြပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ဆောမြို့နယ်ဟာ မကွေးတိုင်းဒေသကြီးအနောက်ဘက်ခြမ်းမှာတည်ရှိပြီး ပုံတောင်ပုံညာတောင်တန်းနှင့် ချင်းပြည်နယ်တောင်ပိုင်း မင်းတပ်မြို့နယ်၊ ကန်ပက်လက်မြို့နယ်တို့ကြားမှာရှိတဲ့ တောတောင်ထူထပ်တဲ့မြို့နယ် ဖြစ်ပါတယ်။ သစ်တောကြိုးဝိုင်း ၁၄ ခု၊ ကြိုးပြင်တော၊ ကာကွယ်တောတစ်ခုနှင့် သစ်တောဧရိယာ ဧက ၁၉၁၇၁၅.၆၂ ရှိပါတယ်။ အဖိုးတန်ကျွန်းသစ်များ၊ သစ်မာများဖြစ်တဲ့ ပျဉ်းကတိုး၊ ပိတောက်၊ အခြားအဖိုးတန်သစ်မာမျိုးစုံ၊ ဝါးမျိုးစုံထွက်ရှိပါတယ်။ မြို့နယ်အကျယ်အဝန်းရဲ့ ၆၄.၈၂ ရာခိုင်နှုန်း သစ်တောတွေဖုံးလွှမ်းလျက်ရှိပါတယ်။ ၁၉၆၂ မှ ၁၉၈၈ ခုနှစ်အထိ ကျွန်းနှင့်သစ်မာများကို နှစ်စဉ် စည်းကမ်းစနစ်တကျထုတ်လုပ်ခဲ့သော်လည်း ၁၉၉၀ မှ ၂၀၀၀ ခုနှစ်အတွင်း နဝတ အစိုးရခေတ်မှာ သစ်များကို စည်းကမ်းမဲ့ထုတ်လုပ်ခြင်းကြောင့် ၂၀၀၀-၂၀၀၁ ခုနှစ်ကျွန်းသစ်တန်ချိန်ဟာ ၇၃၃.၉၁၄ တန်သာ ထုတ်လုပ်နိုင်ခဲ့ပြီးတော့ ၂၀၀၇ ခုနှစ်မှာ ကျွန်းထုတ်လုပ်မှုလုပ်ငန်း လုံးဝရပ်ဆိုင်းလိုက်ရပါတယ်။ သစ်မာကို ၂၀၁၀-၂၀၁၁ ခုနှစ်မှာ ၃၄၀၇.၅၁၆ တန်နဲ့ ၂၀၁၂-၂၀၁၃ ခုနှစ်မှာ ၁၉၃၇.၁၈၆ တန်သာ ထုတ်လုပ်နိုင်တော့ပြီး သစ်မာထုတ်လုပ်မှုကို ၂၀၁၃-၂၀၁၄ ခုနှစ်မှာ ရပ်ဆိုင်းလိုက်ရပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံတော် သစ်မာသစ်ခွဲစက် အမှတ်(၈၆) ကွန်ပိုသစ်စက် ပိတ်ထားရပြီးဖြစ်ပါတယ်။ သစ်ကိုစနစ်တကျထုတ်ရာကနေ နဝတ၊ နအဖအစိုးရလက်ထက်မှာ စည်းကမ်းမဲ့စွာထုတ်လုပ်ခြင်းကြောင့် တရားမဝင်သစ်ခိုးထုတ်လုပ်မှု များပြားလာပါတယ်။

Chain Saw လို့ခေါ်တဲ့ သစ်ဖြတ်စက်ကလည်း တရုတ်နိုင်ငံက အတားအဆီးမရှိ ပြည်တွင်းကို ဝင်ရောက်လာပြီးတော့ တစ်ပြည်လုံး၊ ကျေးရွာအနှံ့လွယ်ကူစွာ ဝယ်ယူအသုံးပြုနေခြင်းက သက်တမ်းမပြည့်တဲ့သစ်ပင်ပါမကျန် ခုတ်လှဲရောင်းချအသုံးပြုနေခြင်းကြောင့် ၂၀၁၀ ခုနှစ်ဝန်းကျင်မှစပြီးတော့ အဖိုးတန် ကျွန်းသစ်၊ သစ်မာများ မရှိသလောက်ရှားပါးပြီး တောတောင်တွေလည်း ပြုန်းတီးနေပြီ ဖြစ်ပါတယ်။ ယခုအခါ ဝါးများကိုလည်း တရားဝင်ရော၊ တရားမဝင်ရော များစွာထုတ်ယူပြန်ပါပြီ။ သစ်ပင်ကကုန်၊ ဝါးကပါကုန်ပြန်တော့ တောတောင်တွေကို ကတုံးရိတ်သလို ဖြစ်နေတော့တာပေါ့ ကျွန်တော့်ထံ ပြည်သူများက ဖုန်းဖြင့်အကြောင်းကြားရာမှ မြို့နယ်မှာရှိတဲ့ အဖွဲ့အစည်းအသီးသီးကို အဲဒီ အခြားမြို့နယ်တွေကလာပြီးတော့ သစ်ကုန်သည်၊ ဝါးကုန်သည်တွေက သစ်၊ ဝါးကို ခိုးထုတ်ယူတဲ့ သတင်းကို ပို့နေပါတယ်။ ပို့တဲ့အတွက် ကျွန်တော် မြို့နယ်အုပ်ချုပ်ရေးမှူးတို့၊ မြို့နယ်ရဲတပ်ဖွဲ့မှူးတို့၊ သစ်တောဦးစီးမှူးတို့ထံ သတင်းပို့ အကူအညီတောင်းခံတာကြောင့် ဖမ်းဆီးအရေးယူမှုများလည်း ရှိနေပြီ ဖြစ်ပါတယ်။

တောတောင်များပြုန်းတီးမှုကြောင့် သဘာဝဘေးအန္တရာယ်များ တစ်ကမ္ဘာလုံး ဆိုးရွားလာပါတယ်။ ကျွန်တော်တို့ နိုင်ငံသည်လည်း သစ်တောပြုန်းတီးမှုမြင့်တက်လာတဲ့အတွက် နှစ်စဉ်သစ်တောဧရိယာကျဆင်းလာတာ FAO ရဲ့ စာရင်းများအရ သစ်တောဖုံးလွှမ်းမှုဧရိယာမှာ ၄၂.၉၂ ရာခိုင်နှုန်းသာကျန်ပြီး ကမ္ဘာ့သစ်တောပြုန်းတီးမှုအများဆုံးနိုင်ငံများစာရင်းမှာ တတိယနေရာကို ရောက်ရှိနေကြောင်း သိရပါတယ်။ ကျွန်တော်တို့မြို့နယ်မှာ ကျွန်းကို နှစ်စဉ် ဧကထောင်ချီစိုက်ပျိုးလျက်ရှိပါတယ်။ ကျန်ရှိတဲ့ သစ်တောတွေကို အပြောင်ခုတ်မီးရှို့ပြီး စိုက်ပျိုးရခြင်းဖြစ်တာကြောင့် လတ်တလောသဘာဝပတ်ဝန်းကျင်ပျက်စီးပြီး ဖောက်ပြန်တဲ့ရာသီဥတုဆိုးကျိုးကိုသာ ခံစားနေရပါပြီ။ လွန်ခဲ့တဲ့ အနှစ် ၃၀ ဝန်းကျင်က မိုးရွာသွန်းမှုထက်ဝက်ခန့်သာရွာသွန်းပြီး အပူလွန်ကဲတဲ့ဒဏ်ခံနေရပြီး စိုက်ပျိုးတဲ့ကျွန်းကနောင်အနှစ် ၇၀၊ ၈၀ မှ အသုံးဝင်မှာဖြစ်တော့ ကျွန်းစိုက်ပျိုးရေးစီမံကိန်းကိုလည်း နှစ်စဉ်စိုက်ပျိုးခြင်း မပြုလုပ်သင့်ကြောင်း အကြံပြုတင်ပြလိုပါတယ်။ သဘာဝပတ်ဝန်းကျင်နဲ့ သစ်တောပြုန်းတီးမှုတွေဟာ လူကပြုလုပ်တဲ့ လူ့ပယောဂတွေပါ။ ဒါကြောင့် သဘာဝက ကျွန်တော်တို့လူသားတွေကို ပြန်လည်ဒဏ်ခတ်နေပါပြီ။ အပူအားကြီးပြီး မိုးကြိုးမုန်တိုင်းတွေ၊ ရေကြီးရေလျှံမှုတွေ၊ တောင်ပြိုမှုတွေ၊ စိုက်ပျိုးသီးနှံပျက်စီးမှုတွေဖြစ်နေပါပြီ။ နှစ်စဉ် ရာသီဥတုဖောက်ပြန်မှု အချိန်မရွေးဖြစ်နိုင်တယ်လို့ ပညာရှင်များရဲ့ သတိပေးမှုများကိုလည်း သိရှိနေရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ သစ်တောပြုန်းတီးမှုများကို ထိန်းသိမ်းကာကွယ်ရန် သစ်တောဌာနတစ်ခုတည်းသာမက အာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်နှင့် ပြည်သူလူထုတစ်ရပ်လုံး ကပါ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူပြီး လက်တွဲဆောင်ရွက်ကြရမှာဖြစ်သလို တရားဝင် သစ်ထုတ်လုပ်မှုကို နိုင်ငံတော်မှ နှစ်ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းပါရန် တရားမဝင် သစ်ခိုးထုတ် လုပ်မှု၊ တရားမဝင်ဝါးခုတ်မှုတို့ကိုလည်း ဖော်ထုတ်ပေးကြပါ၊ တားမြစ်ပေးကြပါ။ ဥပဒေအရ ထိထိ ရောက်ရောက်အရေးယူပေးကြပါလို့ တိုက်တွန်းရင်း ဒေါ်ယဉ်မင်းလှိုင်ရဲ့ မကွေးတိုင်းဒေသကြီး အနောက်ပိုင်းရှိ သစ်တောပြုန်းတီးမှုများနှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများအား ထိန်းသိမ်း စောင့်ရှောက်ပေးကြပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လေးလေးနက်နက် ထောက်ခံအပ်ပါကြောင်း တင်ပြအကြံပြုရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါ တယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးကျော်အောင်လွင်(စေတုတ္တရာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာ ပါခင်ဗျား။ ကျွန်တော်က မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်အောင်လွင် ဖြစ်ပါတယ်ခင်ဗျား။ ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်ရဲ့ အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ သစ်ပင်၊ သစ်တောတွေဟာ နိုင်ငံရဲ့ရတနာတွေပါ။ သစ်ပင်၊ သစ်တောတွေဆီက နေစရာအဆောက်အအုံရတယ်။ စားစရာ အစားအစာရတယ်။ စွမ်းအင် လောင်စာရတယ်။ အပန်းဖြေနားနေစရာရတယ်။ ရာသီဥတုမျှတစေတယ်။ မိုးရွာစေတယ်။ ရေကြီး ရေလျှံခြင်း၊ မြေဆီလွှာတိုက်စားခြင်းတွေကို ကာကွယ်ပေးပါတယ်။ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်း ပေးပါတယ်။ ဂေဟစနစ်ကို ထိန်းညှိပေးပါတယ်။ လေထဲက ကာဗွန်ဒိုင်အောက်ဆိုဒ်ကို စုပ်ယူပြီးတော့ အောက်ဆီဂျင်ကို ထုတ်ပေးပါတယ်။ သစ်ပင်တစ်ပင်ဟာ တစ်နှစ်ကို ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ နှစ်တန်ခွဲ စုပ်ယူတယ်လို့ သိရပါတယ်။ မြန်မာနိုင်ငံရဲ့ အဖိုးတန်သစ်တောတွေကို ရှေးမြန်မာဘုရင်တွေ အဆက်ဆက် စနစ်တကျထိန်းသိမ်းခဲ့ကြပါတယ်။ ဗြိတိသျှခေတ်၊ ဖဆပလခေတ်နှင့် မဆလခေတ် အဆက်ဆက် ထိန်းသိမ်းခဲ့ကြပါတယ်။ ၁၉၉၀ ခုနှစ်အထိ မြန်မာနိုင်ငံရဲ့ သစ်တောဖုံးလွှမ်းမှုဟာ ၆၀ ရာခိုင်နှုန်းကျော်ရှိခဲ့ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ ကမ္ဘာမှာ သဘာဝကျွန်းသစ်တောအများဆုံး နိုင်ငံ ဖြစ်ခဲ့သလို ကမ္ဘာ့အကောင်းဆုံးကျွန်းသစ်တွေအထွက်ဆုံးနိုင်ငံလည်း ဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ ဒီနေ့

ဒီအခြေအနေမှာတော့ သစ်တောဖုံးလွှမ်းမှုဟာ ၄၂.၉၂ ရာခိုင်နှုန်းသာရှိပါတော့တယ်။ သစ်တောကောင်းတဲ့နေရာကတော့ ၂၀ ရာခိုင်နှုန်းသာကျန်တယ်လို့လည်း သိရှိရပါတယ်။ နှစ်စဉ် သစ်တောဧက ၁၃၆၅၀၀၀ ကျော် ပြုန်းတီးနေလျက်ရှိတယ်လို့လည်း သိရပါတယ်ခင်ဗျား။ မြန်မာနိုင်ငံရဲ့ သစ်တောပြုန်းတီးမှုဟာ ဘရာဇီး၊ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်ပြီးရင် စတုတ္ထအဆိုးဆုံးပါ။ တရုတ်၊ အိန္ဒိယနှင့် ထိုင်းနိုင်ငံများသို့ သစ်ခိုးထုတ်မှုများကြောင့် နိုင်ငံတော်မှ နှစ်စဉ်ဘဏ္ဍာငွေ ၁၀ ဘီလီယံခန့် ဆုံးရှုံးလျက်ရှိပါတယ်။ တရုတ်နိုင်ငံကို နှစ်စဉ်သစ်ခိုးထုတ်မှုဟာ တန်ချိန်တစ်သန်းခွဲခန့်ရှိတယ်လို့လည်း သိရပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံရဲ့ ရတနာသစ်တောတွေ ပြုန်းတီးရတဲ့ အဓိကအကြောင်းတွေကတော့ ရွှေ့ပြောင်းတောင်ယာများ ခုတ်ထွင်ရှင်းလင်းခြင်း၊ တရားမဝင်သစ်ခိုးထုတ်လုပ်မှုများပြားခြင်း၊ တာတမံများ တည်ဆောက်မှုကြောင့် ရေဝပ်ဧရိယာများမှ သစ်တောများကိုခုတ်ထွင်ရှင်းလင်းခြင်း၊ နိုင်ငံတော်မှ သစ်ထုတ်ရာတွင် လုပ်ထုံးလုပ်နည်းနှင့် ညီညွတ်မှုမရှိဘဲနှင့်ထုတ်ယူခြင်း၊ ရာဘာစိုက်ခင်း၊ ဆီအုန်းစိုက်ခင်း၊ ကျွန်းစိုက်ခင်းနှင့် နှစ်ရှည်သီးနှံစိုက်ခင်းများအတွက်သဘာဝသစ်တောများကို ခုတ်ထွင်ရှင်းလင်းခြင်း၊ ကျေးလက်နေပြည်သူများရဲ့ နေ့စဉ်လိုအပ်ချက်များဖြစ်တဲ့ ထင်း၊ မီးသွေး၊ အိမ်သုံးသစ်၊ ဝါးများ ထုတ်ယူခြင်း၊ တွင်းထွက်ရတနာ၊ သတ္တုများတူးဖော်ခြင်းစတဲ့အကြောင်းများကြောင့် ဖြစ်ပါတယ်ခင်ဗျား။ သစ်တောများပြုန်းတီးရတဲ့ အကြောင်းရင်းတွေမှာနိုင်ငံရဲ့တရားဥပဒေစိုးမိုးမှု အားနည်းခြင်း၊ ငွေကြေးနှင့်အာဏာကို အလွဲသုံးစားပြုလုပ်ခြင်း၊ ပြည်တွင်းလက်နက်ကိုင်စစ်ပွဲများ စတဲ့အကြောင်းတွေကလည်း အဓိကထဲမှာ ပါပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ သစ်တောများပြုန်းတီးမှုရဲ့ အကျိုးဆက်အနေနဲ့ ရာသီဥတုတွေ ဖောက်ပြန်လာပြီး မိုးခေါင်တယ်။ ရေရှားတယ်။ မိုးသည်းထန်စွာရွာသွန်းပြီးတော့ ရေကြီးတယ်။ မြေဆီလွှာတိုက်စားတယ်။ မြေပြိုတယ်။ မှန်လုံအိမ်အာနိသင်ကြောင့် အပူချိန်မြင့်တက်တယ်။ အယ်လ်နီညိုရာသီဥတုကဲ့သို့ ရာသီဥတုတွေဖောက်ပြန်လာတယ်။ မြေဆီလွှာတိုက်စားခြင်းကြောင့် မြစ်ချောင်း၊ အင်းအိုင်များ နုန်းပို့ပြီး မြေအောက်ရေနိမ့်ကျကာ သောက်သုံးရေ၊ စိုက်ပျိုးရေများရှားပါးလာတယ်။ ဂေဟစနစ်ပျက်ယွင်းကာ ဇီဝမျိုးကွဲများ တစ်စတစ်စ ပျောက်ကွယ်လာပါတယ်။ နာဂစ်၊ ဂီရိ၊ ကိုမန်အစရှိတဲ့ မုန်တိုင်းတွေ၊ ၂၀၁၅ ခုနှစ် ရေဘေးကဲ့သို့သော သဘာဝဘေးဆိုး၊ ကပ်ဆိုးတွေ မဆုံးနိုင်အောင်ကျရောက်ခြင်း ခံစားနေရပါတယ်။ ကျွန်တော်တို့ ရှင်သန်ရာတည်နေရာတစ်ခုတည်းသော ကမ္ဘာမြေကို ဝိသမလောဘတွေနဲ့ ကျွန်တော်တို့ကိုယ်တိုင် ဖျက်ဆီးမိနေပြီလား။ အဲဒီလို

ဖျက်ဆီးမိနေရင်တော့ ကျွန်တော်တို့ကိုယ်တိုင်နှင့် ကျွန်တော်တို့ရဲ့မျိုးဆက်တွေ လည်စင်းခံကြရပါလိမ့်မယ်။ ဒေါ်ယဉ်မင်းလှိုင်တင်ပြတဲ့ ကျွန်တော်တို့ မကွေးတိုင်းဒေသကြီး၊ အနောက်ဘက်ခြမ်းဒေသဟာ အနောက်ရိုးမရဲ့အခြေမှာရှိပြီး သဘာဝတောတောင်ရေမြေတွေနဲ့ စိမ်းလန်းအေးချမ်းလှတဲ့ဒေသပါ။ ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ အင်ကြင်း၊ တမလန်း အစရှိတဲ့ အဖိုးတန်သစ်တွေ ပေါများလှသလို ကမ္ဘာ့ရှားပါးဆေးဘက်ဝင်အဖိုးတန်သစ်ခွတွေ၊ ဂမုန်း၊ တပင်ရွှေထီးအစရှိတဲ့ ဘယဆေးပင်တွေ၊ သစ်တောတွေ၊ သယံဇာတတွေနဲ့ ဆင်၊ ပြောင်၊ စိုင်၊ ဆတ်၊ ကျား၊ ဂျီ၊ တောဝက်၊ ရွှေသမင်၊ ကြယ်လိပ်အစရှိတဲ့ တောရိုင်းတိရစ္ဆာန်တွေ၊ မြို့ထဲ၊ ရွာထဲဝင်တဲ့အထိ ပေါများခဲ့တဲ့ဒေသပါ။ ဒီနေ့ဒီအချိန်မှာတော့ ကျွန်တော်တို့ဒေသတွေဟာ တောတွေလည်းပြောင်၊ တောင်တွေကတုံးနှင့်ဝါးတွေလည်းတုန်းလို့ တောတိရစ္ဆာန်တွေ ရှင်သန်နေထိုင်ဖို့တောင် ခက်ခဲလာနေပါပြီ။ ဒါကြောင့်ကျွန်တော်တို့နိုင်ငံရဲ့ သစ်တောပြုန်းတီးမှုပြဿနာကို အရေးတကြီးကုသရပါတော့မယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁) ပုဒ်မ ၄၅ မှာ နိုင်ငံတော်သည် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမည်လို့ ပါပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ မဟာဗျူဟာ၊ နည်းဗျူဟာများချမှတ်ပြီးတော့ သစ်တောပြုန်းတီးမှုကို ကာကွယ်ရပါတော့မယ်။ သစ်တောများကို ကာကွယ်ခြင်း၊ စနစ်တကျစီမံ အုပ်ချုပ်ခြင်းများ ပြုလုပ်ရပါမယ်။ တရားမဝင်သစ်ခိုးထုတ်မှုများကို ထိရောက်စွာ တားဆီးနှိမ်နင်းရပါမယ်။ ရွှေ့ပြောင်းတောင်ယာစနစ်နေရာမှာ သီးနှံ၊ သစ်တော ရောနှောစိုက်ခင်း၊ လှေကားထစ်စိုက်ခင်းကဲ့သို့သော စနစ်များအစားထိုးရပါမယ်။ သစ်တောများ ပြုစုထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတများ အသုံးချရေးလုပ်ငန်းစဉ်မှာ ပြည်သူလူထု ပူးပေါင်းပါဝင်လာအောင် အသိပညာပေးခြင်း၊ သင်တန်းပေးခြင်းနှင့် လက်တွဲဆောင်ရွက်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းများ ပြုလုပ်ရပါမယ်။ ကျေးလက်နေပြည်သူတွေဟာ တောတောင်ကို အမှီပြုပြီးတော့ ရပ်တည်ရှင်သန်အသက်မွေးကြရပါတယ်။ မှိုရှာ၊ မျှစ်ချိုး၊ ဝါးခုတ် တောတောင်ကိုအမှီလုပ်ကြတာကိုလည်း ထည့်သွင်းစဉ်းစားသင့်ပါတယ်။ သစ်တောပြုန်းတီးမှုကို ပံ့ပိုးနေတဲ့ Chain Saw များ အမြို့မြို့အနယ်နယ်မှာ တရားမဝင်ကိုင်တွယ်သုံးစွဲနေခြင်းကိုလည်း ဥပဒေနှင့်အညီ ထိရောက်စွာဆောင်ရွက်ရပါမယ်။

နိဂုံးချုပ်အနေနဲ့ ကမ္ဘာမြေကိုကာကွယ်ဖို့ သစ်ပင်၊ သစ်တောထိန်းသိမ်းစို့ ဆိုတဲ့စကားနှင့်အညီ တိုင်းပြည်ရဲ့ရတနာဖြစ်သလို သက်ရှိတို့ရဲ့ကျေးဇူးရှင် သစ်ပင်တောတောင်တွေကို အရေးတကြီး ကာကွယ်စောင့်ရှောက်ကြရပါမယ်။ ဒါကြောင့် ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်တင်သွင်းတဲ့ မကွေးတိုင်းဒေသကြီး အနောက်ဘက်ခြမ်း သစ်တောပြုန်းတီးမှုနှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှု

အား ကာကွယ်စောင့်ရှောက်ပေးပါရန်အဆိုကို ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးပဲ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပေါက်ခေါင်းမဲဆန္ဒနယ်မှ ဒေါ်နီနီဒွန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်နီနီဒွန်း(ပေါက်ခေါင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကြွရောက်လာကြသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ပဲခူးတိုင်းဒေသကြီး၊ ပေါက်ခေါင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီနီဒွန်းဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင် တင်သွင်းတဲ့ မကွေးတိုင်းဒေသကြီးအနောက်ပိုင်းရှိ သစ်တောပြုန်းတီးမှုနှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုအား ထိန်းသိမ်းစောင့်ရှောက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ အဆိုရှင် တင်သွင်းတဲ့ မကွေးတိုင်းဒေသကြီးအနောက်ပိုင်းရှိ သစ်တောပြုန်းတီးမှုနှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုပြဿနာမှာ ဒေသတစ်ခုတည်းတွင်သာ ကြုံတွေ့နေရခြင်းမဟုတ်ဘဲ တစ်နိုင်ငံလုံးအတိုင်းအတာအထိ ကြုံတွေ့နေရသော ပြဿနာကြီးတစ်ခုဖြစ်ပါတယ်။ ကျွန်မတို့ ပဲခူးတိုင်းဒေသကြီးမှာလည်း ထိုကဲ့သို့သော ပြဿနာများကို နေရာအနှံ့အပြားတွင် ကြုံတွေ့နေရပါသဖြင့် သစ်တောပြုန်းတီးမှုကြောင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုအား ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ကြောင်း တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ ပဲခူးတိုင်းဒေသကြီးဟာ ဧရိယာအကျယ်အဝန်းစုစုပေါင်းမှာ ဧက ၉၇၀၀၀၀၀ ကျော်ဖြစ်ပြီး ကြိုးဝိုင်းတော ၁၀၁ ခု၊ ကြိုးပြင်ကာကွယ်တော ရှစ်ခု၊ သဘာဝထိန်းသိမ်းရေးနယ်မြေနှစ်ခုနှင့် သစ်တောနယ်မြေစုစုပေါင်း ဧက ၃၉၀၀၀၀၀ ကျော် ရှိပါတယ်။ သစ်တောနယ်မြေဧရိယာဟာ ပဲခူးတိုင်းဒေသကြီးတစ်ခုလုံး၏ ၄၀.၇၉ ရာခိုင်နှုန်းကျော်ရှိတဲ့အတွက် ဧရိယာအားလုံးရဲ့တစ်ဝက်နီးပါး ဖုံးလွှမ်းနေတဲ့နေရာကြီးလည်းဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ ပဲခူးတိုင်းဒေသကြီး ပထဝီဝင်မြေအနေအထား ထူးခြားချက်ကတော့ ပဲခူးတိုင်းဒေသကြီးရဲ့ အရှေ့ခြမ်း ၁၄ မြို့နယ်နှင့် အနောက်ခြမ်း ၁၄ မြို့နယ်ကို အလယ်တည့်တည့်မှ ပဲခူးရိုးမကြီးက ပိုင်းခြားပေးထားခြင်းပဲဖြစ်ပါတယ်။ ပဲခူးရိုးမကြီးဟာဆိုရင် မြောက်ဘက်ပြည်ခရိုင်က တောင်ဘက်သာယာဝတီခရိုင်အထိ မိုင် ၁၂၀ ခန့် ရှည်လျားပါတယ်။ ပဲခူးတိုင်းဒေသကြီးတစ်ခုလုံးရဲ့ သစ်တောဧရိယာအားလုံးနီးနီးဟာ ပဲခူးရိုးမပေါ်မှာ ဖုံးလွှမ်းပေါက်ရောက်တဲ့ သစ်တောဧရိယာတွေပဲဖြစ်ပါတယ်။ ပဲခူးရိုးမအပေါ်မှာ ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ တမလန်းအစရှိတဲ့ အဖိုးတန်သစ်မာများ ပေါက်ရောက်ခဲ့ပါတယ်။ ၎င်း

သစ်မာများအပြင် ဝါးများလည်း ပေါက်ရောက်ခဲ့ရာဒေသကြီးတစ်ခု ဖြစ်ပါတယ်။ ပဲခူးရိုးမကို မြန်မာ့ကျွန်းသစ်မူရင်းဒေသ ပဲခူးရိုးမလို့တောင် တင်စားခေါ်ဝေါ်နေကြပါတယ်။ မြန်မာ့သမိုင်းမှတ်တမ်းများအရ မြန်မာ့ကျွန်းသစ်ဟာ လွန်ခဲ့သော နှစ်ပေါင်း ၁၀၀၀ ခန့်ကပင် ဂုဏ်သတင်းကြီးမားခဲ့သော်လည်း ယခုအခါ ပဲခူးရိုးမပေါ်ရှိကျွန်းသစ်များနှင့် အဖိုးတန်သစ်မာများ အလွန်အကျွံ အထိန်းအကွပ်မဲ့ ထုတ်လုပ်ခြင်းခံခဲ့ရတဲ့အတွက် ရိုးမပေါ်မှာ တောင်ကတုံးများအဖြစ်နဲ့သာ ဝမ်းနည်းဖွယ်ရာ တွေ့နေရပါတော့တယ်။ တောကျန်ဧရိယာများဟာလည်း တန်ဖိုးမြင့်တောအဆင့်မှ တန်ဖိုးနိမ့်တောအဆင့်သို့ နိမ့်ကျရောက်ရှိနေပါတယ်။

ဒါနဲ့တစ်ဆက်တည်း ပဲခူးရိုးမပေါ် မေးတင်တည်ရှိနေတဲ့ ပေါက်ခေါင်းမြို့နယ်လေးအကြောင်းကိုလည်း ပြောပြချင်ပါတယ်။ ကျွန်မတို့ပေါက်ခေါင်းမြို့နယ်လေးဟာ အကျယ်အဝန်း ဧရိယာ ၇၅၁.၄၉ စတုရန်းမိုင်ရှိပါတယ်။ သစ်တောနယ်မြေကတော့ ကြိုးဝိုင်းကိုးခုရှိပြီး အကျယ်အဝန်းက ၁၅၆၂၁၅ ဧက ရှိပါတယ်။ မြန်မာ့ကျွန်းသစ်ကို ထုတ်လုပ်ရာမှာ ကိုလိုနီခေတ်မှစပြီး ယခုအချိန်အထိ အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့တဲ့ မြို့နယ်လေးတစ်မြို့နယ်လည်း ဖြစ်ပါတယ်။ ယခုအခါမှာတော့ သစ်တောထွက်ပစ္စည်းများ အလွန်ရှားပါးနေပြီး မြို့နယ်လေးရဲ့ ပတ်ဝန်းကျင်အနီးမှာရှိတဲ့ သစ်တောများပေါက်ရောက်ရာတောင်များဟာဆိုရင် တောင်ကတုံးများသာ ဖြစ်နေပါတော့တယ်။ ခေတ်စနစ်များပြောင်းလဲလာခြင်းနှင့်အတူ ဈေးကွက်စီးပွားရေးစနစ် စတင်ကျင့်သုံးတဲ့ကာလမှာတော့ အထိန်းအကွပ်မဲ့စွာ သစ်ကွက်ကြီးများအလိုက် ကုမ္ပဏီများကို လုပ်ပိုင်ခွင့်ပေးခဲ့ခြင်း၊ သစ်တောများကို ထုတ်လုပ်ရောင်းချရာမှာ ကုန်ချောအဖြစ်ထုတ်လုပ်ရောင်းချနိုင်ရန် နည်းပညာနှင့် အခြေခံ အဆောက်အအုံများ မရှိခြင်းကြောင့် သစ်အလုံးလိုက် ကုန်ကြမ်းအဖြစ်သာ ရောင်းချခဲ့ရခြင်း၊ သစ်တောများပြုန်းတီးပြီး သစ်များမရှိသလောက် ရှားပါးသွားချိန်ကျမှ သစ်အချောထည်များ တင်ပို့ရန် အခွင့်အလမ်းရလာခြင်း၊ သစ်ထုတ်လုပ်ရန်ခက်ခဲသော လျှိုမြောင်၊ ချိုင့်ဝှမ်း အစရှိသော ဧရိယာများတွင်သာ သစ်ကွက်အနည်းငယ်ကျန်ရှိတော့ခြင်း စသည့်ဆိုးကျိုးများကို ကုစားနိုင်ရန် ယခုကျန်ရှိနေသော သဘာဝသစ်တောဧရိယာများကို ပြည်ထောင်စုအစိုးရအနေဖြင့် စနစ်တကျစီမံခန့်ခွဲကြပ်မတ်ထိန်းသိမ်းရန် အထူးလိုအပ်လျက်ရှိပါတယ်။ ထိုသို့ သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းတွေကို ဆောင်ရွက်တဲ့နေရာမှာလည်း ကျေးရွာပိုင်စိုက်ခင်းများ၊ အစုအစပ်ပိုင်စိုက်ခင်းများ၊ သစ်တောသီးနှံရောနှောစိုက်ခင်းများ၊ အစိုးရမှတည်ထောင်သော စီးပွားရေးစိုက်ခင်း၊ စက်မှုကုန်ကြမ်းစိုက်ခင်း၊ ရေဝေရေလဲစိုက်ခင်း အစရှိတဲ့ စိုက်ခင်းများကို အောင်မြင်အောင် စနစ်တကျစိုက်ပျိုးသင့်ပါတယ်။

နိုင်ငံတော်ပိုင်အစိုးရစိုက်ခင်းများ အောင်မြင်မှုရှိ/မရှိကိုလည်း ပြန်လည်ကြပ်မတ်ထိန်းသိမ်းသင့်ပါကြောင်း၊ သို့မှသာ သဘာဝပတ်ဝန်းကျင် ပြန်လည်ကောင်းမွန်လာပြီး ဇီဝမျိုးစိတ်များ ပြန်လည်ရှင်သန်ကျက်စားလာကာ သဘာဝဘေးအန္တရာယ်များကိုလည်း ထိန်းသိမ်းလာနိုင်မှာဖြစ်ပါတယ်။

ဒီနေရာမှာ သဘာဝတောရိုင်းတိရစ္ဆာန်များနှင့်ပတ်သက်ပြီး သစ်တောများပြုန်းတီးမှုကြောင့် တောရိုင်းတိရစ္ဆာန်များ အထူးသဖြင့်တောဆင်ရိုင်းများမှာ ခိုအောင်းနေထိုင်စရာနေရာမရှိတော့ဘဲ လူအများနေထိုင်ရာ ကျေးရွာများအနီးသို့ ရောက်ရှိလာပြီး လူများ၏ သီးနှံစိုက်ခင်းများကို ဖျက်ဆီးခြင်း၊ လူများကို အသက်အန္တရာယ်ပြုခြင်းစတဲ့ ကျွန်မတို့ရဲ့မြို့နယ်မှာရှိတဲ့ တောင်ပေါ်ဒေသတိုင်းရင်းသားများ ဤဘေးဒုက္ခတွေနဲ့ ကြုံဆုံနေရပါတယ်။ ဒါကြောင့် တောရိုင်းတိရစ္ဆာန်များအတွက် သစ်တောများကိုလည်း စနစ်တကျပြန်လည်ပြုစုပေးသင့်ပါတယ်။ သစ်တောထွက်ပစ္စည်းများကို ထုတ်လုပ်တဲ့နေရာမှာလည်း ဥပဒေနှင့်အညီ ထုတ်လုပ်သင့်ပါတယ်။ ကျွန်းသစ်နှင့် သစ်မာတွေကို နိုင်ငံခြားဝင်ငွေ ရရှိအောင်လည်း ပြည်သူ့အကျိုးအတွက် ထိရောက်စွာ ကြပ်မတ်ထိန်းကျောင်းသင့်ပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့နေရာမှာ သစ်တောဝန်ထမ်းဦးရေကို တိုးချဲ့သင့်သလို သစ်တောရဲ့အင်အားဦးရေကိုလည်း တိုးချဲ့သင့်ပါတယ်။ နိဂုံးချုပ်အားဖြင့် ရှေးပညာရှိကြီး ဦးပုည၏ တောင်ကတုံးယောင်ထုံးစို့ ကွယ်တို့ရယ် ဆိုတဲ့ ကဗျာစာသားလေးအတိုင်း တောင်ကတုံးဖြစ်နေသော သစ်တောများကို ပြန်လည်ကြပ်မတ်ထိန်းသိမ်းစိုက်ပျိုးရင်း သစ်တောပြုန်းတီးမှုနှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကိုလျှော့ချကြပါစို့လို့ အကြံပြုပြောကြားရင်း ဒေါ်ယဉ်မင်းလှိုင်၏အဆိုကို လေးလေးနက်နက်ထောက်ခံဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမြင့်လွင်(တွံတေးမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ တွံတေးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်ဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ယုံကြည်အားထားလောက်တဲ့ သဘာဝသိပ္ပံပညာရှင်ကြီးအချို့ရဲ့အယူအဆအရ ကမ္ဘာပေါ်မှာအသက်ဇီဝက ရေမှာစတင်ဖြစ်ထွန်းတယ်လို့သိရှိရပါတယ်။ နောင်နှစ်သန်းပေါင်းများစွာကြာတဲ့အခါမှာ အဲဒီအသက်ဇီဝက ကုန်းပေါ်ကိုရောက်ရှိလာပြီးတော့ အစိတ်အပိုင်းနှစ်ခုကွဲသွားပါတယ်။ နောင်နှစ်သန်းပေါင်းများစွာကြာတဲ့အခါမှာ အဲဒီအစိတ်အပိုင်းတစ်ခုဟာ တစ်ခုကရွေ့လျားသွားလာနိုင်တဲ့သတ္တဝါတွေ၊ လူသားတွေ၊ တိရစ္ဆာန်တွေဖြစ်လာပြီးတော့၊ အစိတ်အပိုင်းတစ်ခုကတော့ လှုပ်ရှားသွားလာနိုင်ခြင်းမရှိတဲ့ သစ်ပင်တွေဖြစ်လာပါတယ်။ အဲဒီ

အယူအဆကို မှန်တယ်လို့ယူဆမယ်ဆိုရင် သစ်ပင်တွေနဲ့ ကျွန်တော်တို့လူသားတွေဟာ အမွှာညီအစ်ကို တွေ၊ အမွှာမောင်နှမတွေဖြစ်ပါတယ်။ အဲဒီတော့ အမွှာညီအစ်ကိုနှစ်ယောက်မှာ တစ်ယောက်ကို ရိုက်လိုက်လို့ရှိရင် တစ်ယောက်က နာကျင်သွားတာ၊ အမွှာညီအစ်မနှစ်ယောက်မှာ တစ်ယောက်ကို သတ်လိုက်ရင် အခြားတစ်ယောက်ပါသေသွားတာ ဒီလိုရုပ်ရှင်ဇာတ်ကွက်မျိုးကို ကျွန်တော်တို့ ကြည့်ရှုခဲ့ရဖူးပါတယ်။ ဒီရုပ်ရှင်ထဲက အဲဒီအယူအဆမှန်တယ်/မမှန်ဘူးဆိုတာကတော့ မပြောနိုင်ပါ ဘူး။ ဒါပေမဲ့ ကျွန်တော်တို့ရဲ့သစ်ပင်တွေကို မဆင်မခြင်ခုတ်ပြီးတော့ ရှင်းလင်းခဲ့တယ်။ သစ်တောတွေ ကိုရှင်းလင်းခဲ့တဲ့အတွက် ကျွန်တော်တို့ လူသားတွေဟာ အမွှာညီအစ်ကို၊ အမွှာညီအစ်မ လိုပဲ ပြင်းထန်တဲ့၊ ဆိုးရွားတဲ့ သက်ရောက်မှုတွေ ခံစားနေရတာအမှန်ပါပဲ။ ကျွန်တော်တို့ ကမ္ဘာပေါ်မှာ ဒီကနေ့ ပြင်းထန်တဲ့မိုးခေါင်မှုတွေ၊ ပြင်းထန်တဲ့ရေကြီးမှုတွေ၊ ဆိုးရွားပြင်းထန်တဲ့ ရောဂါတွေ ဒါတွေ ဟာ သစ်ပင်သစ်တောတွေ ဆုံးရှုံးသွားမှုနှင့် တိုက်ရိုက်ဆက်စပ်နေပါတယ်။ ကျွန်တော်တို့ သိပ္ပံပညာရှင် ကြီးတွေက ပြောဆိုနေကြပါတယ်။ ဒီကနေ့ မကြာသေးခင်ကပဲ ကျွန်တော်တို့ ကမ္ဘာကြီးကို ဒုက္ခပေး ခဲ့တဲ့ ဆားရောဂါ၊ အီဘိုလာပိုင်းရပ်(စ်)ရောဂါ၊ ဒီကနေ့ နောက်ဆုံးဖြစ်နေတဲ့ ဇီကာပိုင်းရပ်(စ်)ရောဂါ ဒီရောဂါတွေ ကမ္ဘာအနှံ့မှာ ကူးစက်ပြန့်ပွားနေတာဟာ သစ်တောတွေပြုန်းတီးမှုနှင့် တိုက်ရိုက်ဆက်စပ် နေတယ်လို့ သိပ္ပံပညာရှင်တွေက ကောက်ချက်ချထားကြပါတယ်။ အဲဒီတော့ ကျွန်တော်တို့ သစ်တော ဌာနမှာ ကဗျာလေးတစ်ပုဒ်ရှိပါတယ်။ အဲဒီကဗျာလေးကတော့ သစ်တောသစ်ပင်ချစ်ခင်တဲ့လူမျိုး၊ သစ်ပင်ကိုနှစ်စဉ်စိုက်၊ ရွှေတိုက်ကိုစိုး ဒီကဗျာလေးဟာ အင်မတန်ချစ်ဖို့ကောင်းပါတယ်။ ဘာကြောင့် လဲဆိုတော့ ကျွန်တော်တို့ မြန်မာပြည်သူလူထုအများစုရဲ့ သစ်ပင်ကိုချစ်မြတ်နိုးတဲ့သဘာဝကို ကွက်ကွက်ကွင်းကွင်းဖော်ပြနိုင်တဲ့အတွက် ကျွန်တော် အင်မတန်ချစ်ခင်တဲ့ကဗျာလေးဖြစ်ပါတယ်။ ဒါပေမဲ့ အားလုံးသိကြတဲ့အတိုင်း ဒီကနေ့ အဲဒီမြန်မာပြည်သူလူထုအများစုကြီးထဲမှာ မပါဝင်တဲ့ လူတစ်စုရှိနေပါတယ်။ အဲဒီလူတစ်စုအတွက် ကျွန်တော်က ကဗျာလေးတစ်ပုဒ်ကို စပ်ထားပါတယ်။ အဲဒါကတော့ သစ်တောမြင် ရှင်းချင်တဲ့လူမျိုး၊ သစ်ပင်ဆို အသေမုန်း၊ တောပြုန်းအောင်ခိုး။ ဒီကဗျာ လေးနဲ့ ကျွန်တော်က တင်စားထားပါတယ်။ အဲဒီတော့ ကျွန်တော်တို့နိုင်ငံမှာ သစ်တောတွေက အရှေ့မှာလည်း လွှတ်တော်ကိုယ်စားလှယ်တွေ အများကြီးပြောသွားကြပါတယ်။ သစ်တောတွေက ၁၈၅၆ ခုနှစ်ကဆို ၇၀ ရာခိုင်နှုန်း၊ ၁၉၂၅ ခုနှစ်ကဆို ၆၅.၈ ရာခိုင်နှုန်း၊ ၁၉၅၇ ခုနှစ်ကဆိုရင် ၅၇.၂ ရာခိုင်နှုန်း၊ ၂၀၀၅ ခုနှစ်မှာဆို ၅၁ ရာခိုင်နှုန်း၊ ၂၀၀၈ ခုနှစ်မှာ ၂၄ ရာခိုင်နှုန်း၊ ၂၀၁၀ ခုနှစ်မှာ ၁၉ ရာခိုင်နှုန်းပဲ ရှိပါတော့တယ်။ ဒါဟာ ကျွန်တော်တို့ အင်မတန်ကိုစိုးရိမ်ရတဲ့အနေအထားကို ရောက်ရှိလာနေတဲ့ သဘောပါ။ အဲဒီတော့ ကျွန်တော်တို့ တစ်ချိန်က သိပ္ပံပညာရှင်တစ်စုက ပြောခဲ့

တာရှိပါတယ်။ ဒီကနေ့ အဝေးကကြည့်ရင် နီနီရဲရဲနဲ့ အင်မတန်လှပတဲ့ ဗီးနပ်(စ်)လို့ခေါ်တဲ့၊ အချစ်ဂြိုလ်လို့ခေါ်တဲ့ ကျွန်တော်တို့ ဗီးနပ်(စ်)ဂြိုလ်ကြီးဟာ တစ်ချိန်တုန်းကဆိုရင် ကျွန်တော်တို့ ကမ္ဘာလိုပဲ သက်ရှိသတ္တဝါတွေ၊ ရေတွေ၊ သစ်ပင်တွေရှိခဲ့တဲ့ ဂြိုလ်ကြီးဖြစ်ခဲ့တယ်လို့ အယူအဆ တစ်ခုရှိပါတယ်။ အဲဒီအယူအဆအရပြောမယ်ဆိုရင် အခုအချိန်မှာ ဗီးနပ်(စ်)ဂြိုလ်ဟာ မီးဟုန်းဟုန်း တောက်နေတဲ့ ဂြိုလ်ကြီးဖြစ်နေပါပြီ။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ လူသားကမ္ဘာဟာလည်း နောင်တစ်ချိန်မှာ ဗီးနပ်(စ်)ဂြိုလ်လိုမဖြစ်အောင် ကျွန်တော်တို့ သစ်တောတွေကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ဖို့လိုအပ်ပါတယ်။

အဲဒီတော့ ကျွန်တော်အကြံပြုချက်တချို့ကို တင်ပြလိုပါတယ်။ အဲဒါကတော့ (၁) သစ်တော ဝန်ထမ်းတွေကို ကျွန်တော်တို့ တိုးချဲ့ပြီးတော့ ခန့်ထားဖို့ လိုအပ်ပါတယ်။ (၂) လက်ရှိသစ်တော ဝန်ထမ်းတွေရဲ့ ဘဝအခြေအနေကို မြှင့်တင်ဖို့လိုအပ်ပါတယ်။ (၃) တရားမဝင်သစ်ခုတ်လှဲရောင်းချသူ များကို ထိထိရောက်ရောက်အရေးယူဖို့ လိုအပ်ပါတယ်။ ထောင်တစ်သက်တစ်ကျွန်းချပြီးတော့ ရှစ်ရက်လောက်နဲ့လွှတ်ပေးတာမျိုး မဖြစ်ဖို့လိုပါတယ်။ သစ်တောထိန်းသိမ်းရေးလုပ်ငန်းများကို သစ်တောဝန်ထမ်းများ၊ ပြည်သူများ၊ ပြည်သူ့ရဲနှင့် တပ်မတော်က အားကြိုးမာန်တက် ဝိုင်းဝန်းကူညီ ဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ သစ်ပင်စိုက်ပျိုးရေးလုပ်ငန်းကို ကျွန်တော်တို့ ပြည်သူ့လှုပ်ရှားမှုတစ်ခုအနေနဲ့ ဆောင်ရွက်ဖို့လိုပါတယ်။ ဒါကတော့ လက်ရှိမှာလည်း လုပ်နေတဲ့အတွက် ကျွန်တော် ဒါကတော့ ကျေးဇူးတင်ပါတယ်။ သို့သော်လည်း သစ်ပင်စိုက်ရုံတင် မကဘူး။ သစ်ပင်ကို ကြီးရင့်လာတဲ့အထိ စောင့်ရှောက်ဖို့လိုအပ်ပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ တစ်ပြည်လုံးမှာ လျှပ်စစ်ဓာတ်အားတွေ ပေးဖို့လိုပါတယ်။ ဒါမှသာလျှင် ထင်းသုံးစွဲမှု လျော့ကျသွားမှာဖြစ်ပါတယ်။ လျှပ်စစ်ဓာတ်အားမပေးနိုင်ခင်မှာ ထင်းအစားထိုးလောင်စာသုံးစွဲမှုကို ကျွန်တော်တို့ ပညာပေးသင့်ပါတယ်။ အစားထိုးလောင်စာတွေများများထုတ်သင့်ပါတယ်။ နောက်ဆုံး မှာတော့ စက်လွှတွေတင်သွင်းရောင်းချထုတ်လုပ်သုံးစွဲမှုကို တင်းတင်းကြပ်ကြပ်ထိန်းချုပ်အရေးယူ ဆောင်ရွက်သင့်ပါတယ်ဆိုတဲ့ အကြံပြုချက်များနှင့်အတူ ဂန့်ဂေါမြို့နယ်မှ ဒေါ်ယဉ်မင်းလှိုင်ရဲ့ အဆိုကို လေးနက်စွာထောက်ခံရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးမျိုးညွန့် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဦးမျိုးညွန့်(ဟုမ္မလင်းမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးညွန့်ဖြစ်ပါတယ်။ ကျွန်တော်က ဂန့်ဂေါ မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင်တင်သွင်းသွားတဲ့အဆိုကို အကြံပြု ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်က သူ့ရဲ့မဲဆန္ဒနယ်ကို ဥပမာပြုပြီး ဆိုသွားသလို ကျွန်တော်ကလည်း ကျွန်တော့်ရဲ့မဲဆန္ဒနယ်ကို ဥပမာပြု၍ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဟုမ္မလင်းမြို့နယ်ဟာ အကျယ်အဝန်းအားဖြင့် ၂၇၆၈၉၂၇ ဧကကျယ်ဝန်း ပြီး သစ်တောဧက ၁၂၁၁၈၇၅ ဧက ရှိပါတယ်။ သစ်တောဖုံးလွှမ်းဧရိယာဟာ ၄၃.၇၇ ရာခိုင်နှုန်း ဖုံးလွှမ်းထားတဲ့မြို့နယ်ဖြစ်ပါတယ်။ ကျွန်တော်တို့ဒေသဟာ ၁၉၉၀ မတိုင်မီမှာတော့ မြို့ရဲ့ပတ်လည်မှာ မှိုင်းညို့အုံ့ဆိုင်းတဲ့ တောရဲ့သဘာဝ၊ တောရဲ့အလှ၊ တောရနံ့ကို ခံစားနိုင်ပါတယ်။ အခုအခါမှာတော့ တောရဲ့သဘာဝတွေ မတွေ့ရှိနိုင်တော့လောက်အောင် သစ်တောပြုန်းတီးမှုများနှင့် သဘာဝပတ်ဝန်း ကျင် ပျက်စီးမှုများကို တောရဲ့ဘယ်နေရာမှာမဆို တွေ့ရှိရပါတယ်ခင်ဗျား။ အဲဒီလို ဘာလို့ဖြစ်သွားလဲ လို့ ဆန်းစစ်ကြည့်တဲ့အခါမှာ (၁) သစ်ထုတ်လုပ်ခွင့်ရ သစ်ကုမ္ပဏီအချို့၏ စည်းကမ်းမဲ့သစ်ထုတ်လုပ် ခြင်း၊ (၂) သစ်တောမြေရိုင်းများကို ဖော်ထုတ်လုပ်ကိုင်ခွင့်များ တရားဝင်ပေးပြီး အပြောင်းရှင်းစေခြင်း၊ (၃) တရားဝင် သို့မဟုတ် တရားမဝင်ရွှေမျှောများ စည်းကမ်းမဲ့တူးဖော်ခြင်း၊ (၄) ရွှေ့ပြောင်း တောင်ယာလုပ်ကိုင်ခြင်းများကို တွေ့ရှိရပါတယ်။

၂၀၁၄ ခုနှစ် မတ်လတွင် အစိုးရထုတ်ပြန်တဲ့စာရင်းဇယားများအရ ၂၀၀၀ ပြည့်နှစ်ကနေ ၂၀၁၃ ခုနှစ်အပြင် မြန်မာ့သစ်တောတွေကနေ သစ်ထုတ်တင်ပို့မှုပမာဏဟာ ကုဗမီတာ ၆.၅ သန်းရှိ တယ်လို့ ဆိုပါတယ်။ ဗြိတိန်နိုင်ငံ စောင့်ကြည့်ရေးအဖွဲ့ဖြစ်တဲ့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စုံစမ်း စစ်ဆေးရေးအေဂျင်စီ(EIA) က တစ်ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်ပြမြေပုံမှာပါတဲ့ သတင်းအချက် အလက်များကို လေ့လာဆန်းစစ်ချက်အရ ကမ္ဘာ့သစ်ဝယ်ယူတဲ့နိုင်ငံတွေဟာ မြန်မာနိုင်ငံမှ ဝယ်ယူ တင်သွင်းတဲ့ သစ်ပမာဏ ကုဗမီတာဟာ ၂၂.၈ သန်းထိရှိတယ်လို့ ဆိုထားပါတယ်။ ဒီကိန်းဂဏန်း အရဆိုရင် ၂၀၀၀-၂၀၁၃ ခုနှစ်အတွင်း မြန်မာနိုင်ငံမှာ တရားမဝင် သစ်လုံးတင်ပို့မှုဟာ ကုဗမီတာ ၁၆.၃ သန်းအထိရှိတယ်လို့ ထောက်ပြထားပါတယ်။ တစ်နည်းအားဖြင့်တော့ မြန်မာနိုင်ငံမှ သစ်ပမာဏဟာ တရားဝင် ၂၈ ရာခိုင်နှုန်းသာရှိပြီး တရားမဝင်တင်ပို့မှုက ၇၂ ရာခိုင်နှုန်းဖြစ်နေ တယ်လို့ ထောက်ပြထားပါတယ်။ ဒါကို ကြည့်ခြင်းအားဖြင့် အလဟဿသစ်တောပြုန်းတီးမှုတွေဖြစ်

နေတယ်ဆိုတာကို သိလာပါတယ်။ စိုးရိမ်ဖွယ်ကောင်းတာကတော့ ကျွန်တော်တို့ရဲ့ သစ်တောတွေထဲမှာ ကမ္ဘာ့သည်းခြေကြိုက် အဖိုးတန်သစ်များဖြစ်တဲ့ သစ်နှစ်၊ သစ်မွှေး၊ တမလန်း၊ ပိတောက်စတဲ့ သစ်မျိုးစိတ်တွေဟာ ပျောက်ကွယ်မျိုးတုန်းလုနီးပါးဖြစ်နေပြီဆိုတာပါပဲ။ ဒီထက်ပိုဆိုးတာက တောရိုင်းမြေများကို ဖော်ထုတ်လုပ်ကိုင်ခွင့်များပေးပြီး အပြောင်ရှင်းစေတာပါပဲဗျာ။ အပြောင်ရှင်းသစ်ထုတ်လုပ်မှုကြောင့် သစ်လုံးများဟာ အချင်းတစ်ပေ၊ နှစ်ပေ သစ်လုံးနုများပါ ခုတ်ကြတဲ့အဆင့်ရောက်ရှိနေတာကို ချင်းတွင်းမြစ် နံဘေးမှာရှိတဲ့ သစ်လုံးပုံတွေမှာကြည့်ရင်တွေ့ရှိရပါတယ်။ အပြောင်ရှင်းထားတဲ့မြေပေါ်မှာ နှစ်ရှည်သီးနှံပင်များ စိုက်ပျိုးထားသည်မှာလည်း လမ်းမကြီးဘေးဝဲ/ယာသာရှိပြီး အထဲဝင်သွားလျှင်တော့ ဖုန်းဆိုးတောများတွေ့ရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့မြို့နယ်မှာ မြေစာရင်းဌာနစာရင်းအရ မြေလွတ်၊ မြေရိုင်းဖော်ထုတ်လုပ်ကိုင်ခွင့်ပြု ဧရိယာ ၃၄၆၁၄၁ ဧကအနက် အမှန်တကယ် ထုတ်ဖော်ဧကက ၈၀၅၉ ဧကသာရှိပြီး ခွင့်ပြုကျန်ရှိတဲ့၊ စိုက်ပျိုးထုတ်ဖော်ခြင်းမရှိတဲ့ ၃၃၈၈၂ ဧကဟာ မေးခွန်း ထုတ်စရာဖြစ်နေပါတယ်။ ဒီမြေထဲက အများစုဟာ မြို့ပြ/ကျေးရွာများနှင့် ဆက်စပ်နေတဲ့အတွက် မြို့ပြ/ကျေးရွာများ တိုးချဲ့ဖို့အတွက်ကို အခက်အခဲဖြစ်စေပါတယ်။ သဘာဝပတ်ဝန်းကျင် ပျက်စီးမှုထဲမှာ အဆိုးဆုံးကတော့ စည်းကမ်းမဲ့ရွှေမျောတူးဖော်လုပ်ကိုင်ကြခြင်းပါပဲ။ မြေအောက်မှာရှိတဲ့ ရွှေတွေကို Back-hoe (ခေါ်) စက်ယန္တရားကြီးတွေနဲ့ မြေကို ပြောင်းဆန်အောင် အထက်အောက် လန်တူးဆွရှာဖွေတာဖြစ်တဲ့အတွက် မြေပေါ်အပင်များသာမကဘဲ မြေဆီလွှာများပါ ပျက်စီးသွားပါတယ်။ ရွှေမျောလုပ်ကွက်များကို ခွင့်ပြုစဉ်အခါက စာချုပ်တွင် အပင်များပြန်လည်စိုက်ပျိုးပြုစုပေးရမည်ဟု ပါတယ်လို့သိရှိရပါတယ်။ ဒါပေမဲ့ စိုက်ပျိုးပေးတာမတွေ့ရဘဲ သဲစာပုံများနှင့် မြေဆီလွှာ ပျက်စီးနေတဲ့ ပတ်ဝန်းကျင်ကိုသာ နေရာအနှံ့တွေ့နေရပါတယ်ဗျာ။ ဒါဆိုရင် သစ်တောတွေ မပြုန်းတီးဖို့၊ သဘာဝပတ်ဝန်းကျင်တွေ မပျက်စီးဖို့ သစ်မထုတ်ရ၊ ရွှေမျောမတိုက်ရ၊ မြေယာများ ဖော်ထုတ်ပြီး နှစ်ရှည်သီးနှံပင် မစိုက်ပျိုးရဆိုပြီး တားမြစ်ပိတ်ပင်ခြင်းသည်လည်း နည်းလမ်းကောင်း မဟုတ်ပါဘူး။ သစ်တောကိုမှီခိုပြီး စားဝတ်နေရေးဖြေရှင်းနေရတဲ့ ကျွန်တော်တို့ရဲ့ ပြည်သူများအရေးကိုလည်း ငဲ့ကြည့်ရမှာဖြစ်ပါတယ်။ ဒီလိုပဲ Chain Saw ကြီးများအသုံးပြုတာကိုလည်း လက်မှုမှ စက်မှုပြောင်းပြီး လူသက်သာစေတာမို့ ကျွန်တော်တို့ ကြိုဆိုရမှာပါ။ ဒါပေမဲ့ ဒါတွေကို လုပ်ကိုင်တဲ့အခါမှာ၊ စက်တွေကို အသုံးပြုတဲ့အခါမှာ စည်းကမ်းစနစ်ရှိဖို့၊ တိတိကျကျ ထိထိရောက်ရောက် ထိန်းကျောင်းပေးဖို့လိုတယ်လို့ဆိုချင်ပါတယ်။ သစ်တောဥပဒေတွေ၊ သစ်ထုတ်လုပ်ခြင်း ဥပဒေတွေ၊ သတ္တုတွင်းဥပဒေတွေကို အသက်ဝင်လာအောင် အသက်သွင်းလိုက်မယ်ဆိုရင် သစ်တောပြုန်းတီးမှုများ၊ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများဟာ ထိန်းသိမ်းလာနိုင်မယ်လို့ ယုံကြည်ပါတယ်ခင်ဗျား။

**မှုကြမ်း**

ဒါကြောင့် ကျွန်တော့်အနေနဲ့ နိဂုံးချုပ်ပြောရရင် မကွေးတိုင်းဒေသကြီးအနောက်ပိုင်းဒေသတင်မကဘဲ တစ်နိုင်ငံလုံးမှာရှိတဲ့ သစ်တောပြုန်းတီးမှုများနှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုထိန်းသိမ်းစောင့်ရှောက်ပေးဖို့ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းဆွေးနွေးလိုအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးကျော်ဇေယျ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒုတိယဗိုလ်မှူးကြီးကျော်ဇေယျ(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးကျော်ဇေယျ ဖြစ်ပါတယ်။ အဆိုနှင့်ပတ်သက်ပြီးတော့ အပြုသဘောအကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပြုနိုင်ပါရန်တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့မြန်မာနိုင်ငံဟာ သဘာဝသယံဇာတများဖြစ်တဲ့ မြေဆီသြဇာကြွယ်ဝသည့် မြေယာ၊ သစ်မျိုးစုံနှင့် သစ်တောထွက်ပစ္စည်းများ ရေသယံဇာတ၊ ဓာတ်သတ္တုသယံဇာတနှင့် ဇီဝမျိုးစုံမျိုးကွဲများနှင့် ပေါကြွယ်ဝတဲ့နိုင်ငံဖြစ်ပါတယ်။ သယံဇာတများပေါကြွယ်ဝခြင်းဟာ လူသားများရပ်တည်နေရတဲ့ သက်ရှိလောကကြီးအတွက် အစားအစာ၊ ရေ၊ စွမ်းအင်ဖူလုံမှုနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခွင့်အလမ်းများ စတဲ့အခြေခံလိုအပ်ချက်များကို စဉ်ဆက်မပြတ်ပံ့ပိုးပေးလျက်ရှိပါတယ်။ ဒါ့အပြင် ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ ဖွံ့ဖြိုးတိုးတက်မှုများကိုလည်း အဖက်ဖက်မှထောက်ပံ့ပေးဆောင်လျက်ရှိပါတယ်။ အထက်ဖော်ပြပါသယံဇာတများမှာပါဝင်တဲ့ သစ်တောသယံဇာတဟာ ရာသီဥတုပြောင်းလဲမှုကြောင့်ဖြစ်ပေါ်လာတဲ့ ဆိုးကျိုးသက်ရောက်မှုများ၊ သဘာဝဘေးအန္တရာယ်များကို လျော့နည်းသွားစေတဲ့ကြားခံများအဖြစ်လည်း ရပ်တည်ကာကွယ်ပေးလျက်ရှိတာကို တွေ့ရှိရပါတယ်။ ဂေဟစနစ်နဲ့ ဇီဝမျိုးစုံမျိုးကွဲများဖြစ်တဲ့ တောရိုင်းတိရစ္ဆာန်နှင့်အပင်မျိုးစုံဟာ လူသားများအပါအဝင် သက်ရှိလောကအတွက် စားနပ်ရိက္ခာနှင့် လောင်စာ၊ သစ်၊ ဝါး အစရှိတဲ့ ကုန်ကြမ်းပစ္စည်းများ၊ အခြေခံဆေးဝါးများကို သဘာဝအလျောက် အခမဲ့ထောက်ပံ့ပေးတဲ့၊ ဝန်ဆောင်မှုပေးလျက်ရှိတဲ့ သက်ရှိထောက်ပံ့မှုပစ္စည်းများလည်းဖြစ်ပါတယ်။ အဆိုပါဂေဟစနစ်များဟာ သက်ရှိများရေရှည်ရပ်တည်နိုင်ရန်အတွက် အဓိကမရှိမဖြစ်လိုအပ်တဲ့ သဘာဝအထောက်အပံ့များဖြစ်ပြီး လေနဲ့ရေကိုသန့်စင်ပေးခြင်း၊ အဆိပ်အတောက်များကို ဖယ်ရှားပေးနိုင်ခြင်း၊ ရေလွှမ်းမိုးခြင်းကို လျော့နည်းစေခြင်း၊ မုန်တိုင်းဒဏ်ကို

ကာကွယ်ပေးခြင်း၊ ရာသီဥတုကိုထိန်းညှိပေးခြင်း၊ အနားယူအပန်းဖြေနိုင်ခြင်း၊ သဘာဝအလှအပများ ပေးစွမ်းနိုင်ခြင်းစတဲ့ အကျိုးကျေးဇူးများကို ရရှိစေတာဖြစ်ပါတယ်။

လွန်ခဲ့တဲ့ဆယ်စုနှစ်များအတွင်း နိုင်ငံရဲ့နိုင်ငံရေး၊ စီးပွားရေးအခြေအနေများအရ သဘာဝ သယံဇာတများနဲ့ အခြေခံကုန်စည်များကို ကုန်ကြမ်းအဖြစ်သာ ထုတ်လုပ်တင်ပို့ခြင်းတို့နှင့် ကနဦး အဆင့် နိုင်ငံ့စီးပွားရေးနလန်ထူအောင် တွန်းအားပေးဆောင်ရွက်ခဲ့ရတာကို လေ့လာတွေ့ရှိရပါတယ်။ နိုင်ငံခြားဝင်ငွေများရရှိအောင် တွန်းအားပေးဆောင်ရွက်မှုများကြောင့် တစ်ဖက်မှာ သစ်တောဖုံးလွှမ်းမှု ဧရိယာ လျော့နည်းကျဆင်းသွားခြင်း၊ သဘာဝတရားကဖန်တီးပေးထားတဲ့ဂေဟစနစ်(Eco System) များပျက်ယွင်းခြင်း၊ သတ္တုတူးဖော်ရေးနဲ့နီးစပ်တဲ့ဒေသတွေမှာ ရေသယံဇာတများ ညစ်ညမ်းပျက်စီး ခြင်း၊ ရာသီဥတုဖောက်ပြန်မှုများကြောင့် ဖြစ်ပေါ်လာတဲ့ သဘာဝဘေးဒဏ်များကို တွန်းလှန်နိုင်ရန် အားနည်းလာခြင်းစတဲ့ဆိုးကျိုးများကို တွေ့ကြုံခံစားရကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဥက္ကဋ္ဌကြီး နှင့် ကိုယ်စားလှယ်များခင်ဗျား။ Global Forest Resources Assessment 2015 ရဲ့ ထုတ်ပြန်ချက် မှတ်တမ်းများအရ တင်ပြပါအတိုင်းတွေ့ရှိရပြီး ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ သစ်တောဖုံးလွှမ်းမှုဧရိယာ ဟာ ၂၀၁၅ ခုနှစ်မှာ ၄၂.၉၂ ရာခိုင်နှုန်းသာကျန်ရှိတော့ကြောင်း တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံရဲ့မြေ အသုံးချမှုဆိုင်ရာအချက်အလက်များကို လေ့လာမယ်ဆိုရင်လည်း တင်ပြပါအတိုင်း တွေ့ရှိရပါတယ်။ ဒါ့ကြောင့် သဘာဝသစ်တောများကို ထိန်းသိမ်းနိုင်ခြင်းမရှိရင် စိုက်ပျိုးရန်ကောင်းမွန်တဲ့မြေများ တဖြည်းဖြည်းလျော့နည်းလာပြီး သဲကန္တာရဖြစ်ထွန်းမှုများ လျင်မြန်စွာဖြစ်ပေါ်လာစေမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များခင်ဗျား။ သစ်တောများပြုန်းတီးရခြင်းရဲ့ လတ်တလော အကြောင်းရင်းများအနေနဲ့ တိုးတက်လာတဲ့လူဦးရေအရ စိုက်ပျိုးမြေနှင့်ကျေးရွာများတိုးချဲ့လာခြင်း၊ ပြည်သူများ၏ နေ့စဉ်လိုအပ်ချက်ဖြစ်တဲ့ ထင်း၊ မီးသွေး၊ လောင်စာနဲ့ အိမ်သုံးသစ်၊ ဝါးများခုတ်ယူနေ ခြင်း၊ ရွှေ့ပြောင်းတောင်ယာစနစ် ဆက်လက်လုပ်ဆောင်နေခြင်း၊ သစ်ထုတ်လုပ်ခွင့် တရားဝင်ခွင့်ပြု ချက်ရရှိထားတဲ့ တချို့သော ပုဂ္ဂလိကပိုင်ကုမ္ပဏီများအနေဖြင့် သတ်မှတ်စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာမှုအားနည်းပြီး ကိုယ်ကျိုးစီးပွားကိုရှေ့တန်းတင်ခြင်း စတဲ့အကြောင်းများကြောင့်ဖြစ်ကြောင်း တွေ့ရှိရပါတယ်။ သစ်တောပြုန်းတီးမှုများကို ကာကွယ်ထိန်းသိမ်းနိုင်ရန်အတွက် နိုင်ငံတော်အနေနဲ့ ဆောင်ရွက်ရမယ့်အပိုင်း၊ ကျေးရွာများအနေနဲ့ ဆောင်ရွက်ရမယ့်အပိုင်း၊ ပြည်သူများအားလုံး မှတ်သား လေ့လာသိရှိပြီး ဆောင်ရွက်ရမယ့်အပိုင်းများကို တင်ပြပါအတိုင်း လိုက်နာဆောင်ရွက်သွားဖို့ လိုအပ် ကြောင်းလည်း တင်ပြလိုပါတယ်။ လုပ်ပိုင်ခွင့်ရရှိထားတဲ့ ကုမ္ပဏီများအနေနဲ့လည်း သက်တမ်း

ကုန်ဆုံးရင် ထပ်မံပြီးသက်တမ်းတိုးပေးခြင်းကို စဉ်းစားဆောင်ရွက်ပေးသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ ရှေးမြန်မာမင်းများလက်ထက်မှစပြီးတော့ မြန်မာ့သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှုစနစ်၊ ထိန်းသိမ်းစီမံမှုစနစ်များကို စနစ်တကျဆောင်ရွက်ခဲ့ကြောင်း တင်ပြပြီအတိုင်း မှတ်တမ်းများအရတွေ့ရှိရပါတယ်။ သစ်တောနဲ့သက်ဆိုင်တဲ့ မူဝါဒ၊ ဥပဒေများ၊ နည်းဥပဒေများကို ထုတ်ပြန်ထားရှိရာမှာလည်း ဖော်ပြပါအတိုင်း ထုတ်ပြန်ထားရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးနှင့်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်အစိုးရရဲ့ဝန်ကြီးဌာနများက ပြဋ္ဌာန်းထားတဲ့ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေနဲ့စည်းမျဉ်း၊ စည်းကမ်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ကာကွယ်တားဆီးရန် အဓိကတာဝန်ရှိတဲ့ သစ်တောဝန်ထမ်းများ၊ အရာထမ်းများစတဲ့ဌာနဆိုင်ရာပုဂ္ဂိုလ်များကိုလည်း လုံလောက်တဲ့အင်အား၊ တစ်နိုင်ငံလုံးလွှမ်းခြုံဆောင်ရွက်နိုင်တဲ့အင်အားဖြစ်အောင် တိုးချဲ့ဖွဲ့စည်းသင့်ပြီးတော့ ၎င်းတို့ရဲ့အခွင့်အရေးများကိုလည်း မျှတစွာဆောင်ရွက်ပေးနိုင်ဖို့ အကြံပြုတင်ပြအပ်ပါတယ်။ တပ်မတော်အနေနဲ့ ဖမ်းဆီးရမိတဲ့ သစ်တန်များကိုလည်း တင်ပြပြီအတိုင်း တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့်ကိုယ်စားလှယ်များခင်ဗျား။ Chain Saw များနဲ့ပတ်သက်ပြီးတော့လည်း လိုအပ်တဲ့ဥပဒေ၊ နည်းဥပဒေများပြဋ္ဌာန်းဆောင်ရွက်သင့်ကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးဇော်ထွန်းဦး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒုတိယဗိုလ်မှူးကြီးဇော်ထွန်းဦး(တပ်မတော်သားကိုယ်စားလှယ်)**။ ။ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးဇော်ထွန်းဦးဖြစ်ပါတယ်။ ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်ရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ယနေ့ကမ္ဘာမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ တင်ပြပါပတ်ဝန်းကျင်ဆိုင်ရာပြဿနာများအားလုံးကို နိုင်ငံအားလုံးက ရင်ဆိုင်နေရပါတယ်။ နိုင်ငံနယ်နိမိတ်အပိုင်းအခြားမရှိဘဲ ဆက်စပ်နေတဲ့ကမ္ဘာ့နိုင်ငံတိုင်း ရင်ဆိုင်ခံစားနေကြရတာဖြစ်ပါတယ်။ အဆိုပါပတ်ဝန်းကျင်ဆိုင်ရာပြဿနာများ အများစုဟာ လူသားများရဲ့ပယောဂကြောင့် ပေါ်ပေါက်လာရခြင်းဖြစ်ပါတယ်။ ကမ္ဘာ့လေထုထဲမှာ အပူထိန်းဓာတ်ငွေ့ရှိပြီး ရေခိုးရေငွေ့၊ ကာဗွန်ဒိုင်အောက်ဆိုဒ်၊ မီသိန်း၊ အိုဇုန်းနှင့် အခြားစက်မှုသုံးဓာတ်ငွေ့တွေ ပါဝင်ပါတယ်။ သက်သောင့်သက်သာနေနိုင်သော အပူချိန်ဖြစ်အောင် ထိန်းထားပေးပါတယ်။ သစ်တောတစ်ဧကမှာ သစ်ပင် ၅၄၀ ပင်စိုက်ပျိုးထားပါက

ကာဗွန်ဒိုင်အောက်ဆိုဒ် ၅.၄၄ တန်စုပ်ယူနိုင်ပါတယ်။ ဓာတ်ဆီတစ်ဂါလန်နှင့် အင်ဂျင်မောင်းနှင်တိုင်း ကာဗွန်ဒိုင်အောက်ဆိုဒ်၊ မီသိန်း၊ နိုက်ထရိုက်အောက်ဆိုဒ် တင်ပြပါအတိုင်းထုတ်လွှတ်ပါတယ်။ ဒီဇယ် တစ်ဂါလန်အင်ဂျင်မောင်းနှင်တိုင်း ကာဗွန်ဒိုင်အောက်ဆိုဒ် ၁၂.၆ ကီလိုဂရမ်ထုတ်လွှတ်ပါတယ်။ ထင်း ၂၀ ကုဗတန်လောင်ကျွမ်းတိုင်း ကာဗွန်ဒိုင်အောက်ဆိုဒ် ၃၇ တန်ထုတ်လွှတ်ပါတယ်။ တင်ပြပါ အန္တရာယ်ဖြစ်စေနိုင်တဲ့ဓာတ်ငွေ့များကို သစ်တောသစ်ပင်များကသာ ကာကွယ်ပေးနိုင်မှာဖြစ်ပါတယ်။ သစ်တောများကို အလွန်အကျွံခုတ်ခြင်း၊ တောမီးလောင်ခြင်းတို့ကြောင့် နှစ်စဉ်ကမ္ဘာပေါ်မှာ သစ်တော ဧက ၁၈ သန်း ဆုံးရှုံးလျက်ရှိပါတယ်။ နွားတို့၊ ဝက်တို့ကို အမြောက်အမြားမွေးမြူခြင်းမှထွက်ရှိတဲ့ မီသိန်းဓာတ်ငွေ့က ကမ္ဘာကြီးကိုပူနွေးစေပါတယ်။ မီသိန်းဓာတ်ငွေ့နှင့် ဓာတ်မြေသြဇာသုံးစွဲမှုတို့ ကြောင့်ထွက်ရှိတဲ့ နိုက်ထရိုက်အောက်ဆိုဒ်ဟာ လူတို့ကြောင့်တိုးတက်လာတဲ့ အပူထိန်းဓာတ်ငွေ့ရဲ့ ၁၅ ရာခိုင်နှုန်းခန့်ရှိပါတယ်။ အပူထိန်းဓာတ်ငွေ့က ၁၉၇၀ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ ၃၄ နှစ်အတွင်းမှာ ၇၀ ရာခိုင်နှုန်းတိုးတက်လာပါတယ်။ ၂၀ ရာစုမတိုင်မီ အပူချိန်ဟာ ၄ ဒီဂရီဆဲလ်စီယပ်ကနေပြီးတော့ ၆.၄ ဒီဂရီဆဲလ်စီယပ်အထိတိုးလာနိုင်ပါတယ်။ ကမ္ဘာကြီးပူနွေးလာမှုကြောင့် ရာသီဥတုပြောင်းလဲခြင်း များဟာ ကမ္ဘာပေါ်မှာ နေရာဒေသတိုင်းဖြစ်ပေါ်နေပါတယ်။ ဆိုင်ကလုန်းမုန်တိုင်းများ ဖြစ်ပေါ်နေပါ တယ်။ ဖြစ်ပေါ်လာတဲ့မုန်တိုင်းများဟာ ပိုပြီးတော့အားကောင်းလာတာ တွေ့ရမှာဖြစ်ပါတယ်။

တချို့ဒေသများမှာ မိုးခေါင်တယ်။ တချို့ဒေသများမှာ ရေကြီးတာတွေကိုကြုံတွေ့နေရတတ် တယ်။ ကမ္ဘာပေါ်မှာ အပင်မျိုးရင်းပေါင်းသုံးသိန်းကျော်တွေ့ရှိရပြီး ခေတ်မီဆေးဝါးများရဲ့ ၅၀ ရာခိုင်နှုန်းကျော်ဟာ အပင်ကိုအခြေပြုထုတ်လုပ်ထားတာဖြစ်ပါတယ်။ လူသားများရဲ့ ၈၀ ရာခိုင်နှုန်း ကျော်ဟာ အပင်များရဲ့အမြစ်၊ အခေါက်၊ အရွက်၊ အပွင့်၊ အသီးကနေထုတ်လုပ်တဲ့ တိုင်းရင်းဆေး တွေကို သုံးစွဲနေကြတာဖြစ်ပါတယ်။ လူဦးရေသန်း ၁၆၀၀ ခန့်ဟာ အသက်ရှင်သန်ရေးအတွက် သစ်နှင့်သစ်မဟုတ်တဲ့ သစ်တောထွက်ပစ္စည်းများကို ထုတ်လုပ်ရောင်းချကာ အသက်မွေးဝမ်းကျောင်း ပြုလျက်ရှိပါတယ်။ ကမ္ဘာကြီးပူနွေးလာမှုကြောင့် ရေရရှိနိုင်မှုပမာဏဟာလည်း နည်းပါးလာပါတယ်။ ၂၀၂၅ ခုနှစ်မှာ ရေရှားပါးမှုဟာ လူဦးရေသန်း ၂၅၀ ခန့် ရင်ဆိုင်ရနိုင်ဖွယ်ရှိကြောင်း ပညာရှင်များက လေ့လာသုံးသပ်ထားပါတယ်။ ကမ္ဘာကြီးပူနွေးလာမှု၊ ရာသီဥတုပြောင်းလဲမှုနှင့် ပတ်ဝန်းကျင်ထိခိုက်မှု များကို ဖြစ်စေတဲ့ ကာဗွန်ဒိုင်အောက်ဆိုဒ်လျှော့ချရန် အရေးကြီးဆုံးအချိန်ကို ရောက်နေပြီဖြစ်ပါတယ်။ တကယ်လို့ မလျှော့ချနိုင်ဘူးဆိုရင် ကမ္ဘာ့အပူချိန်ဟာ ၂ ဒီဂရီဆဲလ်စီယပ်ကျော်လာပြီးတော့ ကမ္ဘာ့ ကမ်းရိုးတန်းမြို့တော်များ ရေအောက်ကိုရောက်သွားနိုင်ပါတယ်။ လူပေါင်းသန်း ၃၀၀ ခန့် ဆင်းရဲတွင်း

နက်ပြီး ဘေးဒုက္ခများကိုကြုံတွေ့နိုင်ကြောင်း ပညာရှင်များက သုံးသပ်ထားပါတယ်။ ကမ္ဘာ့လူဦးရေဟာ ၂၀၅၀ ပြည့်နှစ်မှာ သန်း ၉၀၀၀ ခန့်ရှိလာနိုင်ပါတယ်။ တိုးတက်လာတဲ့လူဦးရေအတွက် စားနပ်ရိက္ခာတွေ လိုအပ်လာမှာဖြစ်ပါတယ်။ စိုက်ပျိုးထုတ်လုပ်မှုကို တိုးတက်ဆောင်ရွက်နိုင်ရန် လိုအပ်လာမှာဖြစ်ပါတယ်။ ဂေဟစနစ်မှာအကျိုးဝင်တဲ့ အပင်၊ တိရစ္ဆာန်များဟာဆိုလို့ရှိရင် ၂၁၀၀ ပြည့်နှစ်မှာ လက်ရှိရဲ့ ၁၈ ရာခိုင်နှုန်းကနေ ၄၅ ရာခိုင်နှုန်းအထိသာ ကျန်ရှိနိုင်ကြောင်း ပညာရှင်များက သုံးသပ်ရေးသားမှုများအရ လေ့လာသိရှိရပါတယ်။ INTERPOL ရဲ့ထုတ်ပြန်ချက်အရ သစ်တောကဏ္ဍစီးပွားရေးလုပ်ငန်းများမှာ အဂတိလိုက်စားမှုဖြစ်စဉ်များဟာ ပုံစံအမျိုးမျိုး၊ နည်းလမ်းအမျိုးမျိုးနဲ့ ကျူးလွန်နေပြီး နှစ်စဉ် အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံတန်ဖိုးခန့် ဆုံးရှုံးနစ်နာနေကြောင်းကို ဖော်ပြခဲ့ပါတယ်။ သဘာဝသစ်တောသယံဇာတများ ကာကွယ်ထိန်းသိမ်းရေးအတွက် အဂတိတရားကင်းစင်ရေးကို အလေးထားကြိုးပမ်းဆောင်ရွက်ရန် လိုအပ်နေပါတယ်။ ၆-၆-၂၀၁၆ ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ တရုတ်နှင့် အမေရိကန်စီးပွားရေးညီလာခံမှာ သဘာဝပတ်ဝန်းကျင်အရေးကို ပစ်ပယ်ထား၍မရကြောင်း၊ သဘာဝပတ်ဝန်းကျင်ဖောက်ပြန်မှုကို ရပ်တန့်ထား၍မရကြောင်း ဆွေးနွေးခဲ့ပြီး အစိမ်းရောင်စီးပွားရေးနှင့် စွမ်းအင်ကဏ္ဍမှာ နှစ်နိုင်ငံအတူတကွ ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းဆွေးနွေးခဲ့ပါတယ်။ မည်သည့်သစ်တောမျိုးကိုမဆို တင်ပြပါအချက်များကိုလိုက်နာပါက တောပြုန်းမှုနှင့်ကမ္ဘာကြီးပူနွေးလာမှုကို တစ်ဖက်တစ်လမ်းမှ ကာကွယ်တားဆီးရာရောက်မှာဖြစ်ပါတယ်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ဥပဒေပုဒ်မ ၄၅ မှာ နိုင်ငံတော်သည် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရမည်ဟု ပြဋ္ဌာန်းထားတဲ့အပြင် ဥပဒေပုဒ်မ ၃၉၀ ပုဒ်မခွဲ(ခ)မှာလည်း နိုင်ငံသားတိုင်းသည် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းလုပ်ငန်းများ၌ နိုင်ငံတော်အားကူညီရန် တာဝန်ရှိသည်ဆိုပြီးတော့ အတိအလင်းပြဋ္ဌာန်းထားတာဖြစ်ပါတယ်။

အဲဒါကြောင့်မို့ သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ဖို့အတွက် နိုင်ငံသားတိုင်းမှာတာဝန်ရှိကြောင်း တင်ပြအပ်ပါတယ်။ ကျွန်တော်တို့တပ်မတော်အနေဖြင့်လည်း သစ်ပင်များကို စိုက်ပျိုးကာ သစ်တောပြုန်းတီးမှုနှင့်သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများကို ထိန်းသိမ်းကာကွယ်ရန်အတွက် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှာရှိတဲ့ ဒေသနဲ့ကိုက်ညီသော ရတနာတန်းဝင်နှစ်ရှည်အရိပ်ရစက်မှုကုန်ကြမ်းသီးနှံနဲ့ ဒီရေကာကွယ်တောများကို အမျိုးသားရေးအသွင်ဖြင့် စီမံချက်ချစိုက်ပျိုးလျက်ရှိပါတယ်။ ထို့အပြင် တရားမဝင်သစ်ခုတ်လှဲထုတ်လုပ်မှုတွေကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူ၍ နယ်မြေရှင်းလင်းဖော်ထုတ်ဖမ်းဆီးမှုများကို သက်ဆိုင်ရာနယ်မြေဒေသအသီး

သီး၌ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဟန်ချက်ညီညီပူးပေါင်းဆောင်ရွက်လျက်ရှိရာ တင်ပြပါစာရင်း ဇယားများအတိုင်း သိမ်းဆည်းရမိခဲ့ပါတယ်။ ယနေ့အချိန်မှာ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုနှင့် ပြုစု ပျိုးထောင်ထိန်းသိမ်းကာကွယ်မှုများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်ဆောင်ရွက်မှသာ ထိရောက် စွာကာကွယ်နိုင်မှာဖြစ်ပါတယ်။ သို့ပါသောကြောင့် နိုင်ငံသားအားလုံး သစ်ပင်စိုက်ကြပါစို့လို့ဟု တိုက်တွန်းရင်း ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်၏ သစ်တောပြုန်းတီးမှုများနှင့် သဘာဝ ပတ်ဝန်းကျင်ပျက်စီးမှုများအား ထိန်းသိမ်းစောင့်ရှောက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်း ကြောင်းအဆိုကို ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်သိုက်(ဆိပ်ဖြူမဲဆန္ဒနယ်)**။ ။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူ မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိုက် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင်ရဲ့ မကွေးတိုင်းဒေသကြီး၊ အနောက်ပိုင်းရှိ သစ်တောပြုန်းတီးမှုများနှင့် သဘာဝ ပတ်ဝန်းကျင်ပျက်စီးမှုများအား ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို အကြံပြုဆွေးနွေးထောက်ခံသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံ၏ လက်ရှိအခြေအနေအရ သစ်တောပြုန်းတီးမှုဟာ ကိုယ်စားလှယ်ကြီး ကိုးဦးပြောသွားတဲ့အထဲမှာ ဆွေး နွေးချက်များအရ အင်မတန်မှမြင့်မားနေကြောင်း တွေ့နေရတဲ့အတွက် ဒီအတိုင်းသာဆက်သွားနေ မယ်ဆိုရင် နိုင်ငံရဲ့အနာဂတ်အရေးဟာ ရင်လေးစရာ အင်မတန်မှကောင်းလှပါတယ်။ သဘာဝဘေး အမျိုးမျိုးနဲ့ ယင်းမှတစ်ဆင့်ဖြစ်ပေါ်လာမည့် ရောဂါအမျိုးမျိုး ကြုံတွေ့လာနိုင်ပါတယ်။ ဒါကြောင့် သစ်တောများကို ပြန်လည်ထိန်းသိမ်းဖို့ အင်မတန်မှလိုအပ်နေပြီး သစ်တောများပြုစုထိန်းသိမ်းတဲ့ နေရာမှာ အပိုင်းသုံးပိုင်းခွဲပြီးတော့ တင်ပြလိုပါတယ်။ (၁) သစ်တောများကို ဘယ်လိုကာကွယ်ကြမလဲ။ (၂) သစ်တောများကို ဘယ်လိုပြုစုပျိုးထောင်မလဲ။ (၃) သစ်တောထွက်ပစ္စည်းများကို ဘယ်လို အသုံးပြုကြမလဲဆိုတဲ့ အပိုင်းတွေပဲ ဖြစ်ပါတယ်။ အချိန်ကိုငဲ့ညှာသောအားဖြင့် အပိုင်းသုံးပိုင်းကိုခြုံငုံ ပြီးဆွေးနွေးသွားပါမယ်။ အထက်ပါအပိုင်းသုံးပိုင်းကို အသေအချာဆောင်ရွက်နိုင်ဖို့ဆိုရင် သစ်တော နယ်မြေကို မြို့နယ်တစ်ခုချင်းအလိုက်၊ ကြိုးဝိုင်းတစ်ခုချင်း၊ ကြိုးပြင်ကာကွယ်တောတစ်ခုချင်း၊

အကွက်တစ်ကွက်ချင်းအလိုက် သစ်တောသယံဇာတကောက်ယူမှု Forest Enumeration လုပ်ငန်းကို အသေးစိတ်ဆောင်ရွက်ဖို့ ပထမဦးဆုံး လုပ်ဆောင်ရပါလိမ့်မယ်လို့ ယူဆပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီလို တိကျခိုင်မာတဲ့စာရင်းဇယားတွေရလာပြီဆိုမှ လုပ်ငန်းအစီအစဉ် Working Plan များကို မှန်ကန်စွာရေးဆွဲနိုင်မှာ ဖြစ်ပါတယ်။ အဲဒီလိုရလာတဲ့ အချက်အလက်တွေပေါ်မှာမူတည်ပြီး အကွက်တစ်ကွက်ချင်းစီအလိုက် စီမံအုပ်ချုပ်မှုလုပ်ငန်းများကို ရေးဆွဲပြီး ဘယ်ဧရိယာကတော့ ကာကွယ်လျှင်ရနိုင်တယ်။ ဘယ်ဧရိယာကတော့ ပြုစုပျိုးထောင်ခြင်းလုပ်ငန်းဆောင်ရွက်သင့်တယ်။ ဘယ်အကွက်ကတော့ သစ်ထုတ်ယူနိုင်တဲ့အခြေအနေရှိတယ် စသည်ဖြင့် ဆောင်ရွက်ရမယ့်လုပ်ငန်းများကို မှန်ကန်စွာဆုံးဖြတ်နိုင်မှာဖြစ်ပါတယ်။ သစ်တောများပြုစုပျိုးထောင်ရာမှာလည်း ဘယ်အကွက်က ဘယ်နေရာမှာတော့ Natural Regeneration သဘာဝမျိုးဆက်နည်းဖြင့် အကောင်အထည်ဖော်ရန် သင့်တော်မည်။ ဘယ်အကွက်ဘယ်နေရမှာတော့ စိုက်ခင်းတည်ထောင်ခြင်း၊ Artificially Generation စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်သင့်တယ်လို့ စသည်ဖြင့်ဆုံးဖြတ်နိုင်မှာ ဖြစ်ပါတယ်။ သစ်တောစိုက်ခင်းများ တည်ထောင်ရာမှာလည်း စီးပွားဖြစ်စိုက်ခင်းများသာမကဘဲ ပင်လယ်ကမ်းခြေများတွင် လေကာတန်းဒီရေတောစိုက်ခင်းများရဲ့ အင်းလေးကန်ကဲ့သို့နေရာများမှာ ရေဝေရေလဲစိုက်ခင်းအမြန်ဆုံးထူထောင်ပေးသင့်ပါကြောင်း အကြံပြုတင်ပြလိုပါတယ်။ ခေတ်အဆက်ဆက်စိုက်ခင်းများ တည်ထောင်ခဲ့သော်လည်း ပြောသလောက်မအောင်မြင်ခဲ့တာကိုလည်း သိရှိရပါတယ်။ ပုဂ္ဂလိကစိုက်ခင်းများ တည်ထောင်ခွင့်ပေးတဲ့နေရာမှာ အမှန်တကယ်စိုက်ပျိုးရန်သင့်သည့်နေရာကိုသာ ချပေးသင့်ကြောင်း အကြံပြုတင်ပြလိုပါတယ်။ ယခင်ပုဂ္ဂလိကစိုက်ခင်း တည်ထောင်ခွင့်ပေးတဲ့ဧရိယာတွေကို လိုက်လံစစ်ဆေးမည်ဆိုပါက စိုက်ခင်းတည်ထောင်ရန်မသင့်သော သဘာဝတောအကောင်းများကို ချပေးထားတာကို တွေ့ရပါတယ်။

စိုက်ခင်းတည်ထောင်ခြင်းရဲ့အဓိကရည်ရွယ်ချက်ဟာ တန်ဖိုးနိမ့်တောများကို တန်ဖိုးမြင့်တင်ခြင်းဖြစ်တဲ့အတွက် အင်မတန်မှရည်ရွယ်ချက်ကောင်းပါတယ်။ သို့သော်လည်း ရည်ရွယ်ချက်ကို အခွင့်ကောင်းယူပြီး စီးပွားဖြစ်သစ်ထုတ်ယူနိုင်သောအကွက်များတွင် စီမံကိန်းများချထားပေးသည်ကို တွေ့နေရပါတယ်။ ရည်ရွယ်ချက်တွေ ပြောင်းပြန်ဖြစ်ပြီး တန်ဖိုးမြင့်တောမှ တန်ဖိုးနိမ့်တောဖြစ်သွားတာကိုတွေ့ရပါတယ်။ နိုင်ငံ၏သစ်တောအခြေအနေအရ သစ်တောထွက်ပစ္စည်းထုတ်ယူခြင်းနှင့် စီးပွားဖြစ်သစ်ထုတ်ယူခြင်းများ ရပ်ဆိုင်းသင့်ပါကြောင်း အကြံပြုတင်ပြလိုပါတယ်။ မဖြစ်မနေအသုံးပြုရမယ့်ကျေးလက်နေပြည်သူများရဲ့ လိုအပ်ချက်များကို လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ခွင့်ပြုသင့်

ပါကြောင်း အကြံပြုတင်ပြလိုပါတယ်။ နောက်ဆုံးအကြံပြုဆွေးနွေးလိုတာကတော့ အထက်ပါ သစ်တောထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာအစိုးရအဖွဲ့တစ်ခုတည်းက ဆောင်ရွက်နေလို့ကတော့ လုံးဝလုံးဝမအောင်မြင်နိုင်ပါဘူး။ ပြည်သူတစ်ရပ်လုံးက ပါဝင်ပူးပေါင်းမှ အောင်မြင်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူလူထုပါဝင်လာအောင် အသိပညာပေးစည်းရုံးခြင်း၊ Social Foresty ကိုသာလည်း အတတ်နိုင်ဆုံး ဆောင်ရွက်ပြီး ပြည်သူလူထုရဲ့ Mind-set စိတ်ဓာတ်ပိုင်းဆိုင်ရာတွေကိုလည်း မြှင့်တင်ပေးရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေဖြင့် တင်ပြရလျှင် နိုင်ငံတစ်ဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစိုပြည်ရမည်ဟုသော စကားလုံးကြီးတွေ ပြောနေမည့်အစား နိုင်ငံတော်အစိုးရသစ်အနေဖြင့် သစ်တောမူဝါဒများ ရေးဆွဲအကောင်အထည်ဖော်ရာတွင် ခေတ်နှင့်လိုက်လျောညီထွေရှိမည့် မူဝါဒများရေးဆွဲပြီး ရေတိုရေရှည်စီမံကိန်းများချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်မည်ဆိုပါက အောင်မြင်မည်ဖြစ်ပါကြောင်း အကြံပြုရင်း ဂန့်ဂေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင် တင်သွင်းသော သစ်တောပြုန်းတီးမှု သဘာဝပတ်ဝန်းကျင်ပျက်စီးမှုအား ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးပါရန်အဆိုကို ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါမဲဆန္ဒနယ်ကတင်သွင်းသော အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန )**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ဖြစ်ပါတယ်။ ခုနက တင်ပြဆွေးနွေးကြတဲ့ ကိုယ်စားလှယ်ကြီးများကို ကျွန်တော့်အနေနဲ့ အထူးပဲချီးကျူးပါတယ်။ အင်မတန်ပြည့်စုံပါတယ်။ တင်ပြချက်အားလုံး၊ ဆွေးနွေးချက်အားလုံးဟာဖြစ်ရင် ယခုဖြစ်ပေါ်နေတဲ့ အကြောင်းအရာတွေ

အားလုံးကို ထင်ဟပ်စေတဲ့အချက်အလက်များဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ပထမဆုံး ချီးကျူးပါကြောင်းနှင့် လေးစားအပ်ပါကြောင်း တင်ပြအပ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါ မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင်ရဲ့ မကွေးတိုင်းဒေသကြီး အနောက်ပိုင်း မှာရှိတဲ့ သစ်တောပြုန်းတီးမှုများနှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများအား ထိန်းသိမ်းစောင့်ရှောက် ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနဲ့ပတ်သက်ပြီး ကျွန်တော် ဖြေကြား သွားမှာ ဖြစ်ပါတယ်။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေနဲ့ သစ်တော များမှရနိုင်တဲ့တိုက်ရိုက်နှင့် သွယ်ဝိုက်တဲ့အကျိုးများကို လက်ရှိပြည်သူလူထုနဲ့ နောင်လာနောင်သား များ စဉ်ဆက်မပြတ်ခံစားနိုင်ရန်အတွက် သစ်တောသယံဇာတအရင်းအမြစ်များကို ထာဝစဉ်တည်တံ့ နိုင်စေရန် ရည်မှန်းပြီးတော့ မြန်မာ့သစ်တောများကို စီမံအုပ်ချုပ်လုပ်ကိုင်လျက်ရှိပါတယ်။ မြန်မာ့ သစ်တောမူဝါဒ ၁၉၉၅ နှင့် အမျိုးသားသစ်တောကဏ္ဍပင်မ နှစ်(၃၀) စီမံကိန်း ၂၀၀၁-၂၀၀၂ ကနေပြီး တော့ ၂၀၃၀-၂၀၃၁ အထိ ရေးဆွဲပြဋ္ဌာန်းပြီးတော့ ထာဝစဉ်တည်တံ့တဲ့ သစ်တောအုပ်ချုပ်လုပ်ကိုင်မှု Sustainable Forest Management (SFM) လုပ်ငန်းစဉ်များကို အခြေခံတဲ့ မြန်မာ့ရွေးချယ်မှုစနစ် Myanmar Selection System (MSS) ဖြင့် စီမံဆောင်ရွက်လျက်ရှိပါတယ်။ သစ်တောဦးစီးဌာနဟာ နှစ်စဉ်တောထွက်များကို တွက်ချက်ပြီးတော့ ခရိုင်အလိုက် သစ်တောအုပ်ချုပ်မှုလုပ်ကိုင်နိုင်မှု စီမံကိန်း များကို ၂၀၁၆-၂၀၁၇ ကနေပြီးတော့ ၂၀၂၅-၂၀၂၆ အထိ (၁၀) နှစ်ကာလအပိုင်းအခြားအလိုက် ရေးဆွဲပြီးတော့ ယခုအခါမှာ ခရိုင်ပေါင်း ၆၈ ခရိုင်မှာအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ ပါတယ်ခင်ဗျား။ မကွေးတိုင်းဒေသကြီးမှာဖြင့် ဂန့်ဂေါ၊ ပခုက္ကူ၊ မကွေး၊ မင်းဘူးနဲ့ သရက်ခရိုင်တွေ ပါဝင်ပြီးတော့ သစ်တောဖုံးလွှမ်းမှုအားဖြင့် ၅.၀၇၅ သန်းကျော်ရှိပါတယ်။ တိုင်းဒေသကြီးဧရိယာ နှင့်ပြောမယ်ဆိုရင်တော့ ၄၅.၈၂ ဖုံးလွှမ်းနေတယ်လို့ဆိုလို့ရပါတယ်။ တိုင်းဒေသကြီးမှာရှိတဲ့ သစ်တော ပြုစုထိန်းသိမ်းလုပ်ကိုင်ခြင်းလုပ်ငန်းများကို အစဉ်အဆက် ဆောင်ရွက်လျက်ရှိရာမှာ မြန်မာ့သစ် လုပ်ငန်းအနေနဲ့ တိုင်းပြည်ရဲ့လိုအပ်ချက်များကို နှစ်စဉ်သစ်ထုတ်လုပ်မှုနဲ့ပတ်သက်ပြီးတော့ Power Point လေးတစ်ခု တင်ပြလိုပါတယ်။ Power Point မှာတွေ့ မြင်တဲ့အတိုင်းပါပဲ သစ်ထုတ်လုပ်မှုဟာ တဖြည်းဖြည်းများလာပြီးတော့ ၂၀၁၁-၂၀၁၂ ကစပြီး တဖြည်းဖြည်းပြန်ပြီး လျော့လာပါတယ်။ အဲဒီဟာ ကတော့ တစ်နည်းအားဖြင့် ထုတ်လုပ်မှုအတွက် သစ်များအင်မတန် နည်းလာပြီး တဖြည်းဖြည်း လျော့ပြီးထုတ်လုပ်တာဖြစ်ပါတယ်။ နောက်ဆုံး ၂၀၁၄ မှာ ကတော့ ခုနက သစ်ထုတ်တဲ့အခါမှာ သစ်အလုံးလိုက် ထုတ်လုပ်မှုကို၊ ရောင်းချမှုကိုတော့ လုံးဝတားမြစ်ထားပါတယ်။ သစ်တောဦးစီး ဌာနကနေပြီးတော့ ရေးဆွဲပြီးဖြစ်တဲ့ သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းအရ မကွေးတိုင်း

ဒေသကြီးရဲ့ နှစ်စဉ်တောထွက်ကိုကြည့်မယ်ဆိုလို့ရှိရင် ကျွန်းက ၁၃၉၀ ပေ၊ သစ်မာက ၂၉၉၁၀ ပေရှိပါတယ်။ တစ်ခါ ဂန့်ဂေါခရိုင်ရဲ့ နှစ်စဉ်တောထွက်ကို ကြည့်မယ်ဆိုလို့ရှိရင်တော့ ကျွန်းက ၁၀၅၀ ပေ၊ သစ်မာက ၁၂၉၁၀ ဖြစ်ပါတယ်။ သို့သော်လည်းပဲ ဒီလို AAC အရ ထုတ်လုပ်ခွင့်ရှိမှုများကိုလည်း ထုတ်လုပ်မှုကိုတော့ အကုန်လုံးမထုတ်ဘဲနဲ့ ထုတ်လုပ်မှုရဲ့ ၈၀၊ ၉၀ ရာခိုင်နှုန်းစသည်ဖြင့် ရာခိုင်နှုန်းတွက်ချက်ပြီးတော့ အမှန်တကယ်လိုအပ်တဲ့ဟာကိုပဲ ထုတ်လုပ်ဖို့ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင်တော့ ထုတ်လုပ်မှုကို မိမိထုတ်လုပ်မှုအတိုင်းအတာထက် လျှော့ပြီးထုတ်လုပ်မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ ယခုလည်းပဲ ခုနက ကိုယ်စားလှယ်တော်ကြီးများ တင်ပြဆွေးနွေးတဲ့ အထဲမှာပါတဲ့ အတိုင်းပါပဲ။ ၂၀၁၆- ၂၀၁၇ သစ်ထုတ်လုပ်မှု လုပ်ငန်းကို လုံးဝရပ်ဆိုင်းထားပါတယ်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေနဲ့ သစ်တောပြုန်းတီးမှု လျော့နည်းသက်သာစေရန်နှင့် သစ်တောအတန်းအစား တိုးမြှင့်လာစေရန် ရည်မှန်းပြီးတော့ ပုဂ္ဂလိကနှင့် နိုင်ငံပိုင်သစ်တောစိုက်ခင်းများ တည်ထောင်စိုက်ပျိုးလျက်ရှိပါတယ်။ မကွေးတိုင်းဒေသကြီးမှာဖြင့် နိုင်ငံပိုင်စိုက်ခင်းအနေဖြင့် ၁၉၈၁ ခုနှစ်ကနေပြီးတော့ ၂၀၁၅-၂၀၁၆ ခုနှစ်အထိ စီးပွားရေးဖြစ် ကျွန်းစိုက်ခင်းအပါအဝင် သစ်မာ၊ ကျေးရွာထင်းစိုက်ခင်း၊ ရေဝေရေလဲစက်မှုကုန်ကြမ်းစိုက်ခင်း ဧရိယာအားဖြင့် ၂၇၂၉၄၀ ဧက စိုက်ပျိုးပြီး ဖြစ်ပါတယ်။

ပုဂ္ဂလိကအားဖြင့် ၂၀၀၇-၂၀၀၈ ကနေပြီးတော့ ၂၀၁၅-၂၀၁၆ အထိကတော့ ကျွန်း၊ သစ်မာ စုစုပေါင်း ၁၂၅၉၄ ဧက တည်ထောင်ပြီးဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ အတွင်းမှာလည်းပဲ နိုင်ငံပိုင် စိုက်ခင်းအဖြစ် ကျွန်း၊ ရေဝေရေလဲကျေးရွာထင်းစိုက်ခင်း အားလုံးစုစုပေါင်း ဧက ၁၀၀၀ ကို စိုက်ပျိုးလျက်ရှိပါတယ်။ ပုဂ္ဂလိကစိုက်ခင်းအားလုံး သစ်မာစိုက်ခင်းကိုတော့ ၁၅၅၇ ဧကကိုလည်း တည်ထောင်စိုက်ပျိုးပြီးစီးကြောင်း သိရပါတယ်ခင်ဗျာ။ အဲဒီအပြင် ဒေသခံပြည်သူများအတွက် နေ့စဉ် အခြေခံလိုအပ်ချက်ဖြစ်တဲ့ ထင်း၊ မီးသွေးလောင်စာဖြည့်ဆည်းနိုင်ရေးအတွက် သစ်၊ တိုင်၊ မျောထင်း များကို သဘာဝတောများမှ မှီခိုနေရတဲ့အပေါ် လျှော့ချနိုင်ရေးအတွက် ရည်ရွယ်ပြီးတော့ ဒေသခံ ပြည်သူအစုအဖွဲ့ပိုင်သစ်တော တည်ထောင်ခြင်းလုပ်ငန်းကိုလည်း တိုးမြှင့်ဆောင်ရွက်လျက်ရှိပါတယ်။ မကွေးတိုင်းဒေသကြီးမှာ ၂၀၀၂-၂၀၀၃ ခုနှစ်ကနေပြီးတော့ ၂၀၁၅-၂၀၁၆ အထိဆိုလို့ရှိရင် ဒေသပိုင် ပြည်သူအစုအဖွဲ့ပိုင်သစ်တောဧရိယာ ၁၈၁၃၉ ဧက တည်ထောင်ပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ ဆက်လက်ပြီးတော့ ၂၀၁၆-၂၀၁၇ မှာဖြင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော ဧရိယာ(CF လို့ခေါ်ပါတယ်)။ ၃၇၃၃၉ ဧကကို တည်ထောင်ရန်လည်းပဲ ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၆-၂၀၁၇ မှာဆိုရင် တည်ထောင်စိုက်ပျိုးမယ့် ဌာနပိုင်စိုက်ခင်းများ၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် စိုက်ခင်းများ၊ ဌာနဆိုင်ရာများနှင့် ကျောင်းများ၊ ပြည်သူများဖြန့်ဝေရန်အတွက် လိုအပ်တဲ့ပျိုးပင်များကို စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

မကွေးတိုင်းဒေသကြီးမှာဖြင့် ကျွန်တော်တို့အားလုံး ၉၃၃၆၄၅ ဦး ဖြန့်ဝေပြီးဖြစ်ပါတယ်။ ဖြန့်ဝေရန်အတွက် ရည်ရွယ်ထားပါတယ်။ ဖြန့်ဝေပြီးလည်း ဖြစ်ပါတယ်။ ဂန့်ဂေါခရိုင်အတွင်းမှာပဲ ပျိုးပင်ပေါင်း တစ်သိန်းဖြန့်ဝေရန်ရည်ရွယ်ထားပြီးတော့ ဖြန့်ဝေပြီးတာဖြစ်ပါတယ်။ နောင်လာမယ့် နှစ်များမှာလည်းပဲ ဌာနပိုင်စိုက်ခင်းများအပြင် ပုဂ္ဂလိကစိုက်ခင်းများ၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် စိုက်ခင်းများ ပိုမိုအရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရေးအတွက် ဒေသခံကျေးလက်ပြည်သူများ အပါ အဝင် ပြည်သူလူထုကို ပညာပေးစည်းရုံးပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီအတိုင်းလည်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပြုပါ။ မကွေးတိုင်းဒေသကြီးမှာ တရားမဝင်သစ်ခိုးထုတ်မှုလျှော့ချစေရေးအတွက် ပုံမှန်စစ်ကြောင်းများ၊ အထူးစစ်ကြောင်းများ၊ ရှောင်တခင်ဖမ်းဆီးခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၀၆-၂၀၀၇ ခုနှစ် ကနေပြီး ၂၀၁၅-၂၀၁၆ ခုနှစ်အတွင်းမှာ ကျွန်း၊ သစ်မာ၊ အခြားသစ်မျိုးစုံ စုစုပေါင်း ၁၂၂၇၂ တန် ဖမ်းဆီးဖော်ထုတ်နိုင်ခဲ့ပါတယ်။

သစ်တောနှင့် သစ်တောထွက်ပစ္စည်းများကို ကာကွယ်စောင့်ရှောက်ရန်အတွက် ပြည်ထဲရေး ဝန်ကြီးဌာနအနေနဲ့ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၄/၂၀၁၃) ဆုံးဖြတ်ချက်အရ အရာထမ်း ၃၂ ဦး၊ အမှုထမ်း ၁၇၀၅ ဦး စုစုပေါင်း ၁၇၃၇ ဦးနဲ့ ဖွဲ့စည်း ခဲ့ပါတယ်ခင်ဗျား။ သစ်တောလုံခြုံရေးတပ်ဖွဲ့များအနေနဲ့ ကျွန်တော်တို့ ရည်မှန်းချက် တာဝန်(၄)ရပ် ချမှတ်ထားပါတယ်။ (၁) နိုင်ငံတော်အကြီးအကဲများရဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တော ရေးရာမူဝါဒများ အကောင်အထည်ဖော်ရေး၊ (၂) သစ်တောထိန်းသိမ်းကာကွယ်ခြင်းဖြင့် နိုင်ငံတော်ရဲ့ စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်လာစေပြီး ပြည်သူတို့ရဲ့စားဝတ်နေရေးကို အထောက်အကူဖြစ်စေရေး၊ (၃) စဉ်ဆက်မပြတ်အကျိုးစီးပွားခံစားနိုင်ရေးနှင့် (၄) သစ်တောထွက်ပစ္စည်းများဖြစ်တဲ့ ရတနာ တန်းဝင် ကျွန်းသစ်၊ သစ်မာများ၊ အခြားသစ်တောထွက်ပစ္စည်းများ၊ တောရိုင်းတိရစ္ဆာန်များကို နိုင်ငံတော်ရဲ့ ရည်ရှည်အကျိုးစီးပွားအတွက် ကာကွယ်စောင့်ရှောက်ရန်၊ သစ်ခိုးဂိုဏ်းများဖော်ထုတ် ဖမ်းဆီးပြီးတော့ သစ်တောဥပဒေအရ ကျူးလွန်တဲ့အပြစ်အလျောက် ထိရောက်သောပြစ်ဒဏ်များကို ချမှတ်ရန်အစရှိတဲ့ ရည်ရွယ်ချက်(၄)ချက်နဲ့ ချမှတ်ဆောင်ရွက်ပြီးတော့ အကောင်အထည်ဖော်လျက်

ရှိပါတယ်။ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့လည်း တရားမဝင်သစ်များကို သယ်ယူဝင်ရောက်မှုများကို ကြိုတင်ကာကွယ်ပိတ်ဆို့နိုင်ရေးအတွက် ရေစကြိုမြို့နယ် ချင်းတွင်းမြစ်ကမ်းဘေး မအူကျေးရွာနှင့် နတ်ညွှန်းကျေးရွာများမှာလည်းကောင်း၊ နေပြည်တော်၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး တိုင်းသုံးတိုင်းဆုံတဲ့ ကိုးပင်-သာဂရလမ်း ၆၁ မိုင်၊ ဘန်းကုန်း သစ်ထုတ်လုပ်ရေးစခန်းအနီးမှာလည်းကောင်း၊ ပခုက္ကူခရိုင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သတင်းပေးမီဒီယာစတဲ့ ဆက်စပ်အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီးတော့လည်းကောင်း၊ မင်းဘူးခရိုင်အတွင်းမှာရှိတဲ့ မြို့နယ်များမှ ဝန်ထမ်းများ စုစည်းပြီးတော့ မြန်မာနိုင်ငံရဲတပ်ဖွဲ့များနှင့် ပူးပေါင်းပြီးတော့လည်းကောင်း၊ အခြားမြို့နယ်အသီးသီးမှာ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီးတော့လည်းကောင်း တရားမဝင်သစ်များဝင်ရောက်မှုကို ပူးပေါင်းဖမ်းဆီးခြင်းလုပ်ငန်းကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်ခင်ဗျား။ သစ်တောပြုန်းတီးမှုနှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်နဲ့ တရားဥပဒေစိုးမိုးရေးရရှိရန်အတွက် တရားမဝင်သစ်ထုတ်လုပ်မှု၊ သယ်ဆောင်မှုများကို သတင်းရယူဖော်ထုတ် ဖမ်းဆီးအရေးယူခြင်း၊ ဆက်စပ်တိုင်းဒေသကြီး/ပြည်နယ်များနှင့် သတင်းဖလှယ်ရယူ စုံစမ်းဖော်ထုတ်တားဆီးအရေးယူခြင်းများကို သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များ၊ သစ်တောဦးစီးဌာန၊ ဌာနဆိုင်ရာများ၊ လူထုကိုယ်စားလှယ်များ၊ ဒေသခံပြည်သူများ၊ သတင်းပေးများ၊ မီဒီယာများနှင့်ပေါင်းစပ်ပြီးတော့ အစီအမံများချမှတ်ပြီးတော့လည်း ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိပါတယ်ခင်ဗျား။

ဒါ့အပြင် သစ်တောပြုန်းတီးမှုကို ထိန်းသိမ်းကာကွယ်နိုင်ရန်အလို့ငှာ အခုနက ကျွန်တော်တို့ကိုယ်စားလှယ်တော်ကြီးများတင်ပြတဲ့ လက်ကိုင်စက်လွှလို့ခေါ်တဲ့ Chain Saw များနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ဝန်ကြီးဌာနရဲ့ ၆-၆-၂၀၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၂၉/၂၀၁၃)နဲ့ လိုက်နာရမယ့်စည်းကမ်းချက်များကို ထုတ်ပြန်ခဲ့ရာမှာ မကွေးတိုင်းဒေသကြီးအတွင်းမှာ ၂၀၁၃-၂၀၁၄ ခုနှစ်မှာ ၃၇ လက်၊ ၂၀၁၄-၂၀၁၅ ခုနှစ်မှာ ၉၀ လက်၊ ၂၀၁၅-၂၀၁၆ မှာ ၂၆ လက်ကို အသီးသီး တရားဝင် မှတ်ပုံတင်ခွင့်ပြုပါတယ်။ လက်ကိုင်စက်လွှမှတ်ပုံတင်ခွင့်များကို တရားဝင်သစ်စက်များနှင့် သစ်ထုတ်ရေးလုပ်ငန်းများမှာ အထောက်အကူပြုရန် ရည်ရွယ်ပြီးတော့ ခွင့်ပြုထုတ်ပေးခြင်းဖြစ်ပါတယ်ခင်ဗျား။ မကွေးတိုင်းဒေသကြီးအတွင်းမှာ ခွင့်ပြုမိန့်မရဘဲ လက်ကိုင်စက်လွှကိုင် ဆောင်သူများကို မကွေးခရိုင်မှာ တစ်မှု၊ ဂန့်ဂေါခရိုင်မှာနှစ်မှု၊ မင်းဘူးခရိုင်မှာနှစ်မှု၊ သရက်ခရိုင်မှာတစ်မှု စုစုပေါင်း အမှုခြောက်မှုကိုတော့ သစ်တောဥပဒေပုဒ်မ ၄၂ ပုဒ်မခွဲ(ဂ)အရ တရားစွဲဆိုအရေးယူ

ဆောင်ရွက်ခဲ့ပါတယ်။ ပုဒ်မ ၄၂ ပုဒ်မခွဲ(ဂ)ကတော့ ထောင်ဒဏ်နှစ်နှစ်၊ ဒဏ်ငွေနှစ်သောင်း သို့မဟုတ် နှစ်ရပ်ပေါင်းဖြစ်ပါတယ်။ မှတ်ပုံတင်ထားတဲ့ လက်ကိုင်စက်လွှများကို သက်တမ်းတိုးခြင်းအတွက် သေချာစွာစိစစ်ဆောင်ရွက်ပေးခြင်း၊ တရားမဝင်ကိုင်ဆောင်ခြင်းများကိုလည်း ကျွန်တော်တို့ ဖမ်းဆီး ဖော်ထုတ်အရေးယူခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်ခင်ဗျား။

ကျွန်တော်တို့ ဝန်ကြီးဌာနရဲ့ သစ်တောဦးစီးဌာနအနေနဲ့ သစ်တောဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လက်ကိုင်စက်လွှများကို ထိန်းချုပ်နိုင်ရန်အတွက် တိုင်းဒေသကြီး၊ ပြည်နယ် များကို အမိန့်ကြော်ငြာစာထုတ်ပြန်ကြေညာပြီးဖြစ်သော်လည်းပဲ ကုန်သွယ်ရေးဦးစီးဌာနရဲ့သွင်းကုန် လိုင်စင်တစ်ခုတည်းနဲ့ ပြင်ပမှလွတ်လပ်စွာ တင်သွင်းနိုင်ခြင်းကြောင့် လက်ကိုင်စက်လွှများတင်သွင်း ခွင့်ပြုခြင်းနှင့်ပတ်သက်ပြီး ထိန်းချုပ်နိုင်ရန်အတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဌာနကို ညှိနှိုင်းအကြောင်းကြားဆောင်ရွက်ထားပြီးတော့ လက်ကိုင်စက်လွှများ တင်သွင်းဖြန့်ဖြူးရောင်းချ ခြင်းကို နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး ပြည်ထောင်စုအစိုးရများအနေနဲ့ ပေါင်းစပ်ထိန်းချုပ် ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့ကို အစီရင်ခံစာတင်ပြခဲ့ပါတယ်။ အဲဒီတင်ပြမှု ကြောင့်မို့လို့ ပြည်ထောင်စုအစိုးရအဖွဲ့ကနေပြီးတော့ အဖွဲ့ရုံးက ၂၀-၆-၂၀၁၆ ပါရက်စွဲနဲ့ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အသီးသီးသို့ လက်ရှိပြည်တွင်း တင်သွင်း ရောက်ရှိတဲ့ လက်ကိုင်စက်လွှများနှင့် ထပ်မံတင်သွင်းလာတဲ့ လက်ကိုင်စက်လွှများ ဖြန့်ဖြူးရောင်းချ ခြင်းနှင့်ပတ်သက်ပြီးတော့ ထိန်းချုပ်နိုင်ရေးအတွက် အရောင်းဆိုင်နှင့်ကုမ္ပဏီများကို သစ်တောဦးစီး ဌာနမှ လစဉ်စစ်ဆေးရာတွင် ပူးပေါင်းဆောင်ရွက်ရေးအတွက် သက်ဆိုင်ရာစည်ပင်သာယာရေးအဖွဲ့ များကို ဆက်လက်ညွှန်ကြားပေးရန်လည်းပဲ အကြောင်းကြားထားပြီးဖြစ်ပါတယ်။ အဲဒီ ညွှန်ကြားချက် ထဲက လေးချက်ကို ဖတ်ပြပါ့မယ်ခင်ဗျား။ တင်သွင်းခွင့်ပြုခဲ့သည့် လက်ကိုင်စက်လွှများဖြန့်ဖြူးခြင်း၊ ရောင်းချခြင်းတို့ကို သက်ဆိုင်ရာခရိုင်သစ်တောဦးစီးဌာနရဲ့ရောင်းချ၍၊ ရောင်းချပေးရန် ထောက်ခံ ချက်ပါရှိမှသာ ရောင်းချနိုင်ခြင်း၊ (၂) တင်သွင်းရောက်ရှိလာသည့် အကြိမ်အလိုက် လက်ကိုင်စက်လွှ အရည်အတွက်နှင့် ဖြန့်ဖြူးရောင်းချခဲ့သည့် အသေးစိတ်စာရင်းကို လစဉ်သက်ဆိုင်ရာသစ်တော ဦးစီးဌာနသို့ အရောင်းစာရင်းနှင့် ကုန်လက်ကျန်လချုပ်ပေးပို့စေခြင်း၊ (၃) သက်ဆိုင်ရာခရိုင်နှင့် မြို့နယ်သစ်တောဦးစီးဌာနများအနေဖြင့် လက်ကိုင်စက်လွှဖြန့်ဖြူးရောင်းချသော အရောင်းဆိုင်နှင့် ကုမ္ပဏီများအား လစဉ်စစ်ဆေးဆောင်ရွက်ရာတွင် သက်ဆိုင်ရာစည်ပင်သာယာရေးအဖွဲ့များမှ

ပူးပေါင်းပါဝင်၍ဆောင်ရွက်ခြင်း၊ (၄)စည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေဖြင့် အရေးယူရန်စသည့်အချက်များ ပါဝင်ပါတယ်။

မကွေးတိုင်းဒေသကြီးအစိုးရအနေနဲ့ မကွေးတိုင်းဒေသအတွင်းမှာရှိတဲ့ တရားမဝင် လက်ကိုင်စက်လှေများ ပပျောက်ရေးအတွက်ကို ခရိုင်၊ မြို့နယ်အသီးသီးမှ ပညာပေးကာလ သတ်မှတ်ပြီးတော့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စတဲ့ ဆက်စပ်ဌာနများ၊ ဒေသခံပြည်သူများ၊ သတင်းပေးများ၊ မီဒီယာများနှင့်ပူးပေါင်းပြီးတော့ သစ်တောနှင့် ထိစပ်လျက်ရှိတဲ့ ကျေးရွာများကို ဦးစားပေးပြီးတော့ သစ်တော၊ သစ်ပင်ရဲ့ကျေးဇူးများ၊ သစ်တော၊ သစ်ပင်ထိန်းသိမ်းရေး၊ သစ်ပင်မခုတ်ရေး၊ တရားမဝင်စက်လှေများမကိုင်ရေး၊ တရားမဝင်စက်လှေများ ကိုင်ဆောင်ပါက ရရှိမည့်ပြစ်မှုပြစ်ဒဏ်များကို အသိပေးပညာပေးခြင်းများကို တစ်လတစ်ကြိမ် လက်တွေ့တရားဝင် လက်ကိုင်စက်လှေလိုင်စင်စစ်ဆေးရာမှာ သက်ဆိုင်ရာ မြို့နယ်တာဝန်ခံများ၊ ဘိနယ်တာဝန်ခံများကနေပြီးတော့ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ညှိနှိုင်းဆောင်ရွက်ပြီးတော့ လိုင်စင်အရထုတ်ပေးထားတဲ့လိပ်စာအတိုင်း သွားရောက်စစ်ဆေးခြင်းပြုပါတယ်ခင်ဗျား။

တရားမဝင်လက်ကိုင်စက်လှေများနှင့် လက်ဝယ်ကိုင်ဆောင်မှုများရှိပါက သစ်တောဦးစီးဌာနကို ပြန်လည်အပ်နှံစေခြင်း၊ ရှာဖွေထုတ်ဖော်ထိန်းသိမ်းခြင်းများကိုလည်း ပညာပေးကာလသတ်မှတ်ပြီးတော့ ပညာပေးကာလကျော်လွန်ရင်ဖြင့် လက်ကိုင်စက်လှေများကို တရားမဝင်လက်ဝယ်တွေ့ရှိသူများကို ဥပဒေနှင့်အညီ ထိထိရောက်ရောက်အရေးယူဆောင်ရွက်သွားမှာဖြစ်ကြောင်းကိုလည်းပဲ ကျွန်တော့်အနေနဲ့တင်ပြအပ်ပါတယ်။ နိဂုံးချုပ်အားဖြင့် သစ်တောသယံဇာတအပါအဝင် သဘာဝသယံဇာတများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းလုပ်ငန်းကို သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတစ်ခုတည်းအနေနဲ့ အောင်မြင်စွာဆောင်ရွက်နိုင်ရန်မှာ များစွာအခက်အခဲရှိပါတယ်။ ဒါကိုလည်းပဲ ကိုယ်စားလှယ်တော်ကြီးများ တော်တော်များများ တင်ပြပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဆက်စပ်ဌာနများ၊ အဖွဲ့အစည်းများနှင့် ဒေသခံပြည်သူအားလုံး ပူးပေါင်းဆောင်ရွက်ခြင်းမှသာလျှင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးရန် လိုအပ်ပါကြောင်းနှင့် ကျွန်တော့်ရဲ့ တင်ပြချက်များအား မှတ်တမ်းတင်ပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့ သဘောထားပြောပါ။

**ဒေါ်ယဉ်မင်းလှိုင်(ဂန့်ဂေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများရှင်။ ကျွန်မရဲ့အဆိုကို ဒီပြည်သူ့လွှတ်တော်

ကြီးမှာ တင်သွင်းခွင့်ပြုခဲ့သည့်အတွက်လည်းကောင်း၊ အဆိုတင်သွင်းရန် ဝိုင်းဝန်းကူညီခဲ့ကြသူများကိုလည်းကောင်း၊ စိတ်အားထက်သန်စွာထောက်ခံဆွေးနွေးခဲ့ကြသူများကိုလည်းကောင်း အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။ တာဝန်အရှိဆုံးဝန်ကြီးဌာနအနေနဲ့ အထူးကြိုးစားနေကြောင်း သိရှိရ၍လည်း ကျေးဇူးတင်ပါတယ်။ ကျွန်မတို့ သစ်တောများကို ဂန့်ဂေါမြို့နယ်မှာ ဒေသခံများနှင့် တာဝန်ရှိသူများကသာ ထိန်းသိမ်းရမှာ ဖြစ်ပါတယ်။ ဂန့်ဂေါမြို့နယ်က သစ်တောကို အခြားမြို့နယ်က လာရောက်ပြီးတော့ ထိန်းသိမ်းနိုင်မှာမဟုတ်ပါဘူး။ ထို့အတူ မကွေးတိုင်းဒေသကြီးအတွင်းက သစ်တောတွေကိုလည်း ပင်လယ်ကမ်းခြေကလူက လာရောက်ပြီး မထိန်းနိုင်ပါဘူး။ မိမိတို့ဘာသာ ထိန်းသိမ်းရမှာ ဖြစ်ပါတယ်။ ထို့အတူ မြန်မာနိုင်ငံအတွင်းက သစ်တောသယံဇာတကိုလည်း မိမိနိုင်ငံသူ/နိုင်ငံသားများကသာ ထိန်းသိမ်းရန်မှာ သမိုင်းပေးတာဝန် ဖြစ်ပါတယ်။ လက်တွေ့အနေအထားကတော့ ပြီးခဲ့တဲ့လွှတ်တော်ပိတ်ရက်မှာ ရွာတစ်ရွာမှာဒေသခံ လူငယ်တစ်စုက သစ်ဖမ်းတာကို ပိုင်ရှင်နှင့်အဖွဲ့က အတင့်ရဲစွာဥပဒေမဲ့ လာရောက်လုယူသွားတာကိုပင် တွေ့ခဲ့ရပါတယ်။ နောက်တစ်ခါ ကျွန်မရဲ့အဆိုမှာပါတဲ့ ညမှာဖမ်းမိပြီး နံနက်မှာသစ်အပုံလိုက် ပျောက်သွားတဲ့ကိစ္စမှာလည်း သွားဖမ်းတဲ့ ရ.ယ.က နှစ်ဦးနှင့်ရဲဝန်ထမ်းနှစ်ဦးဟာ ရ.ယ.က နှစ်ဦးက အလုပ်ပြုတ်ပြီး ရဲနှစ်ဦးက တစ်နှစ်စီ ထောင်ကျကြောင်းကို သိရှိရပါတယ်။ သူတို့က သစ်ခိုးတာ မဟုတ်ပါဘူး။ သူတို့က သစ်ဖမ်းတာပါ။ သစ်ဖမ်းလို့ဆုမရဘဲ သစ်ပျောက်လို့ပြစ်ဒဏ်ခံရတာကို ဝမ်းနည်းစွာသိရှိရပါတယ်။ တကယ်ဆိုရင်တော့ ဒီတောနက်ထဲက သစ်ပုံကို ရဲနှစ်ယောက်တည်းနဲ့စောင့်ရင်လည်း အင်မတန်အန္တရာယ်များပါတယ်။ ကျွန်မတို့မြို့နယ်မှာ ရဲဝန်ထမ်းအင်အားကလည်း အင်မတန်နည်းပါးနေပါတယ်။ သစ်တောဝန်ထမ်းများကိုလည်း ဝန်ထမ်းအိမ်ရာ၊ ယာဉ်ယန္တရားစတဲ့ ခံစားခွင့်ပြုပြီး အင်အားဖြည့်တင်းသင့်ကြောင်းကိုလည်း အကြံပြုလိုပါတယ်။

ဖမ်းဆီးသစ်ကို သက်ဆိုင်ရာသစ်ကွင်းသို့ သယ်ယူတဲ့ကားခကိုတောင်မှ နှစ်နဲ့ချီကြာမှ ထုတ်ယူရရှိကြောင်းကို သိရှိရပါတယ်။ နယ်မြို့များမှာ သစ်တောဌာနသာမက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများကပါ တာဝန်သိသိနဲ့ ဝိုင်းဝန်းကူညီထိန်းသိမ်းသင့်ကြောင်းကို ပြောကြားလိုပါတယ်။ အခု ဒီအဆိုကို တင်သွင်းခွင့်ရတဲ့အတွက် ခုနက ကိုယ်စားလှယ်ကြီး ဦးဇော်မင်းသိန်း ပြောကြားသွားသလိုပဲ၊ ဆွေးနွေးသွားသလိုပဲ သစ်တောဆိုတာဟာ အခြားသယံဇာတနှင့်မတူပါဘူး။ မထုတ်ယူခင်ကရော၊ ထုတ်ယူသုံးစွဲစဉ်ပါ အကျိုးခံစားရတာ ဖြစ်ပါတယ်။ ကျွန်မတို့တိုင်းပြည်ရဲ့ သစ်တောသယံဇာတကို အချိန်မီထိန်းသိမ်းစောင့်ရှောက်ပြီးတော့ စနစ်တကျထုတ်ယူသုံးစွဲခြင်းဖြင့် အများ

ပြည်သူရဲ့အကျိုးစီးပွားကို ကာကွယ်နိုင်မှာဖြစ်ပါတယ်။ အခုနက ကိုယ်စားလှယ်ကြီး ဦးအောင်သိုက် ဆွေးနွေးသွားသလိုပဲ အများပိုင်၊ အစုအဖွဲ့ပိုင်သစ်တောများပြုလုပ်ရာမှာလည်း မူရင်းရည်ရွယ်ချက်ကို ဖြောင့်မတ်စွာ ထိန်းကျောင်းနိုင်ပြီးတော့ လူတစ်စုတစ်ဖွဲ့နဲ့ ငွေကြေးတတ်နိုင်သူများကသာ ပိုင်ဆိုင်သောသစ်တောများမဖြစ်စေရန် ထိန်းကျောင်းနိုင်မယ်လို့ ယူဆပါတယ်ရှင်။ ကျွန်မအနေနဲ့ လွှတ်တော်ကြီးမှာ မှတ်တမ်းတင်ရုံသာမကပဲ လွှတ်တော်ကြီးမှ စောင့်ကြည့်ပေးပါရန် တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်ယဉ်မင်းလှိုင် တင်သွင်းသွားတဲ့ အဆိုကို ကိုယ်စားလှယ် ၁၀ ဦးက ဆွေးနွေးပြီး သက်ဆိုင်ရာဝန်ကြီးကလည်း ရှင်းလင်းပြောကြားသွားပါတယ်။ သက်ဆိုင်ရာဝန်ကြီးက ဒီအဆိုနှင့်ပတ်သက်ပြီး လွှတ်တော်က မှတ်တမ်းတင်ထားရန် ရှင်းလင်းခဲ့သလို အဆိုရှင်ကလည်း ဒီအဆိုအပေါ်မှာ မှတ်တမ်းတင်ရန်သာမကဘဲ လွှတ်တော်က စောင့်ကြည့်သွားရန် ရှင်းလင်းတင်ပြခဲ့ပါတယ်။ ဒါကြောင့် ဒီအဆိုနှင့်စပ်လျဉ်းပြီး မှတ်တမ်းတင်စောင့်ကြည့်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဒေါ်ယဉ်မင်းလှိုင် တင်သွင်းတဲ့အဆိုကို လွှတ်တော်က မှတ်တမ်းတင်စောင့်ကြည့်မည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ပဉ္စမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁ ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေး ပြီးဆုံးကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၁၁း၅၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ၁၁း၅၀ နာရီ အချိန်တွင် ရပ်နားပါသည်။]